ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ စနေနေ့၊ (14-2-2004) (၄၁၄၆)

ဓမ္မစရိယာ စ တေံ မင်္ဂလ မုတ္တမံ။

ကောင်းမြတ်သော သုစရိုက်တရားတို့ကို ကျင့်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ယနေ့ထုတ်စောင်ရေ ၁၉၇၇၄၅

အမှတ်တရ ဓာတ်ပုံရိုက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာဘင် ဟာဂျီအာမက် ဘာဒါဝီ ခေါင်းဆောင်သောချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ အမှတ်တရ ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

မမှိတ်မသုန် ဦးတည်ချီတက်ကြရမည့် ခရီးလမ်း

နိုင်ငံတော်က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ရိုးရှင်းပွင့်လင်းစွာ ထုတ်ဖော်ကြေညာထားပြီးဖြစ်ပါသည်။ အဆိုပါ မူဝါဒလမ်းစဉ်(၇)ရပ်သည် စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာစေရန်အတွက် တိုင်းရင်းသားပြည်သူအားလုံးက မမှိတ်မသုန် ဦးတည်ချီတက်ကြရမည့် ခရီးလမ်းပင်ဖြစ်ပါသည်။ တိုင်းချစ်ပြည်ချစ်စိတ်ရှိသော တိုင်းရင်းသားပြည်သူများက ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ် အပြည့်အဝဖြင့် ထိုခရီးလမ်းတစ်လျှောက် တည့်မတ်ဖြောင့်ဖြူးစွာ လျှောက်လှမ်းကြရန်ဖြစ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မလေးရှားနိုင်ငံဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီ ခေါင်းဆောင်သောချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလှမောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ပြည်ထောင်စုနေ့အဓိဋ္ဌာန်

“ခိုင်မြဲသော တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံကာ တိုင်းရင်းသားအားလုံး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ဆီသို့ မူဝါဒလမ်းစဉ် စုနစ်ရပ်နှင့်အညီ အားသွန်ခွန်စိုက် ချီတက်ကြပါစို့”

(မြန်မာ့သမိုင်းတွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မာသည့်အချိန်များ၌ နိုင်ငံတော်၏ အင်အားအတောင့်တင်းဆုံးဖြစ်ခဲ့သည်ကို ပထမ မြန်မာနိုင်ငံတော်၊ ဒုတိယ မြန်မာနိုင်ငံတော်၊ တတိယ မြန်မာနိုင်ငံတော်တို့က သက်သေပြလျက်ရှိသည်။)

ကြေးမုံ The Mirror

နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး ကြိုးပမ်း ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ဆက်လက်မြှင့်တင်

၁၄-၂-၂၀၀၄ (စနေနေ့)

ယနေ့အချိန်အခါသည် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးနှင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်စေရေးတို့ အတွက် တိုင်းရင်းသူ၊ တိုင်းရင်းသား အမျိုးသားရေးစွမ်းအားစုများ၏ စွမ်းပကားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်နေသည့် အချိန်ကာလဖြစ်သည်။

နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှုများနှင့် အတူ သိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်ထွန်းကားရေး၊ အရည်အသွေး မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထား စီမံဖြည့်ဆည်းပေးလျက်ရှိသည်။ တစ်နည်းအားဖြင့် နိုင်ငံတော်က ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားများ ခိုင်မာသည်ထက် ခိုင်မာစေရန် ကြိုးပမ်း တည်ဆောက်လျက်ရှိခြင်းဖြစ်သည်။

ယင်းသို့ အမျိုးသားရေးစွမ်းအားများ တောင့်တင်းခိုင်မာ ရှင်သန်ထက်မြက်ခြင်းဖြင့်သာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသားစီးပွားရေး တိုးတက်ခိုင်မာမှု၊ တိုင်းရင်းသားပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားမှု အကျိုးရလဒ်ကောင်းများကို ဖော်ဆောင်ပေးနိုင်မည် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူများ၏ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားမှု၊ ကျန်းမာကြံ့ခိုင်သန်စွမ်းမှုနှင့် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် စနစ်တကျ စီမံဖော်ဆောင်ပေးလျက်ရှိသည်။ ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ အခြေခံအဆောက်အအုံများ၊ စီးပွားရေး၊ လူမှုရေးတိုးတက် ဖြစ်ထွန်းမှုတို့အတွက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံ များစွာကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ကြက် တည်ဆောက်ပေး လျက်ရှိသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီလ ၉ ရက်နေ့က ကရင်ပြည်နယ် ဘားအံမြို့ ဘားအံတက္ကသိုလ် ပင်မဆောင်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဘားအံတက္ကသိုလ်ပင်မဆောင် မော်ကွန်း ကမ္ပည်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌက ဘားအံတက္ကသိုလ် ပင်မ ဆောင်ဖွင့်ပွဲ အခမ်းအနားတွင် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများအား အမှာစကားပြောကြားရာတွင် **ယခုအခါ ကရင်ပြည်နယ်ကြီးတစ်ခုလုံး တည်ငြိမ် အေးချမ်းလာစေရန် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက် နေရဆဲ အခြေအနေ၌ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကလည်း လိုလားတောင့်တနေခြင်းကြောင့် အခြေအနေကောင်းများ ဖြစ်ထွန်းလာ တော့မည်ဟု မျှော်မှန်း၍ရနေပြီဖြစ်ကြောင်း** ပြောကြားခဲ့သည်။

ယခုအခါ ကရင်ပြည်နယ်၏ ဒေသအများစုမှာ တည်ငြိမ်အေးချမ်း လာလျက်ရှိသည်။ နိုင်ငံတော်က ဒေသတည်ငြိမ်အေးချမ်းမှုများနှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေး၌ အခြေခံအကျဆုံးဖြစ်သည့် လမ်းပန်း ဆက်သွယ်မှုအပိုင်းတွင် ကရင်ပြည်နယ်အတွင်း သံလွင်တံတား(ဘားအံ)၊ ဂျိုင်းမြစ်ကူး(ဇာသပြင်)တံတားနှင့် ဂျိုင်းမြစ်ကူး(ကော့ကရိတ်)တံတားတို့ အပါအဝင် တံတားကြီးငါးစင်းအပြင် တစ်ဆက်တစ်စပ်တည်းဖြစ်သည့် မွန်ပြည်နယ်အတွင်းမှ အတ္တရံမြစ်ကူးတံတားတို့ကို တည်ဆောက်ပေး ခဲ့ပြီးဖြစ်သည်။ အကျိုးဆက်ရလဒ်အဖြစ် ဘားအံ–မော်လမြိုင်ခရီးနှင့် မြဝတီ–ကော့ကရိတ်–ဘားအံ–မော်လမြိုင်ခရီးတို့ကို လွယ်ကူလျင်မြန်စွာ သွားလာနိုင်ကြပြီဖြစ်သည်။

ကရင်ပြည်နယ်၏ ကျန်းမာရေးတိုးတက်ဖြစ်ထွန်းမှုများကို ကြည့်ပါက ၁၉၈၈ ခုနှစ်ကာလက ဆေးရုံ ၁၇ ရုံသာ ရှိခဲ့ရာမှ ယခုအခါ ခုတင် ၂၀၀ ဆံ့ ဘားအံပြည်သူ့ဆေးရုံကြီး၊ ခုတင် ၅၀ ဆံ့ မြဝတီဆေးရုံနှင့် ၂၅ ခုတင်ဆံ့ မြိုင်ကလေးဆေးရုံတို့ အပါအဝင် ဆေးရုံပေါင်း ၂၅ ရုံ ရှိလာပြီး ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။

အဆင့်မြင့်ပညာကဏ္ဍတွင် ၁၉၈၈ ခုနှစ်က ကောလိပ်အဆင့်သာ ရှိခဲ့သည့် ဘားအံကောလိပ်ကို ၁၉၉၉ ခုနှစ်တွင် ဒီဂရီကောလိပ်အဆင့်၊ ၂၀၀၃ ခုနှစ်တွင် ဘားအံတက္ကသိုလ်အဖြစ် အဆင့်ဆင့် တိုးမြှင့် ပေးနိုင်ခဲ့သည်။ ယခုအခါ နိုင်ငံတကာအဆင့်မီ သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု ခေတ်မီပစ္စည်းကိရိယာများဖြင့် ခေတ်မီတက္ကသိုလ်ကြီး အဖြစ် တိုးတက်ဖြစ်ထွန်းလျက်ရှိသည်။

သို့ဖြစ်ရာ ဒေသခံ တိုင်းရင်းသားပြည်သူများအားလုံးက တိုးတက် ဖြစ်ထွန်းလျက်ရှိသည့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းကြိုးပမ်းရင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူနေမှုဘဝမြင့်မားရေး အခြေခံကောင်းများကို ဆက်လက်မြှင့်တင်နိုင်ရေး အလေးထားစွမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကဗျာ

ပင်လုံအဓိဋ္ဌာန်

☆ တစ်သက်မခွဲဘူးရယ်လို့
လက်တွဲကြ ညီနောင်တွေ...။

☆ တစ်မြေတည်းနေ တစ်ရေတည်းသောက်ရယ်မို့
တောင်အောက်နဲ့ တောင်ပေါ်အတွေး
တစ်ပြေးတည်း ညီစေ...။

☆ ပင်လုံစိတ် ရှင်သန်နေ
မညှိုးစေနဲ့ သတိချပ်ထား...။

☆ အတိတ်ဟောင်းကိုလ
ပြန်ပြောင်းကာ အတွေးဖွဲ့ရင်ဖြင့်
နယ်ချဲ့သူ မျက်နှာဖြူတစ်သိုက်ရဲ့
မှိုင်းတိုက်ခါ သွေးခွဲစနစ်ကြောင့်
ကျွန်ဖြစ်ကာ နှစ်လုဆဲမှာလေ
လက်သည်းဆိတ် လက်ထိပ်နှာသလို
တစ်စိတ်တစ်ဝမ်း ခိဋ္ဌာန်ပါလို့
ရန်ဘယာ အတူရှင်းမယ်ပ
တိုင်းရင်းသားတွေ ညီညာစွာနဲ့
ပြည်မြန်မာရဲ့ အရေးကိုကွယ်
ပင်လုံသွေး မော်ကွန်းထိုးရင်း
မျိုးချစ်စိတ် အခြေတည်ခဲ့ကြသမို့
တို့မြန်ပြည် ကမ္ဘာ့အလယ်မှာ
ထည်ဝါဝင့်ကြွား...။ ။

စိုးတင့်ထူး (မအူပင်)

❀ **ရှေ့ဖုံးမှ**

နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး Dato’ Cheah Sam Kip လည်း တက်ရောက်သည်။ (သတင်းစဉ်)

ပြည်သူ့ သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် - ၈-၂-၂၀၀၄ မှ ၁၆-၂-၂၀၀၄

အချိန် - နံနက် (၀၉း၀၀)နာရီမှ ညနေ (၁၇း၀၀)နာရီ

နေရာ - တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

(မည်သူမဆို အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ပါသည်။)

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အလှူငွေပေးအပ်ပွဲရက် ပြောင်းရွှေ့ဖိတ်ကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၃

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)အတွက် ကျပ်သိန်းတစ်ထောင် ဆွမ်းပဒေသာပင် အလှူငွေနှင့် ပညာပါရမီကုသိုလ်တော် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မူလက ဖေဖော်ဝါရီ ၁၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီအစား ဖေဖော်ဝါရီ၁၉ ရက် (ကြာသပတေးနေ့)နံနက် ၉ နာရီသို့ ပြောင်းရွှေ့ပြုလုပ်မည်ဖြစ်ကြောင်း အသိပေးဖိတ်ကြားထားသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ်တို့တွေ့ဆုံဆွေးနွေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီအဗ္ဗဒူလာဘင်ဟာဂျီအာမက်ဘာဒါဝီ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိသံတမန်ခန်းမ၌နှုတ်ဆက်စဉ်။ (သတင်းစဉ်)

တွေ့ဆုံဆွေးနွေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီတို့ ရန်ကုန်မြို့စိမ်းလဲ့ကန်သာ နိုင်ငံတော်အိမ်တော်၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာဘင်ဟာဂျီအာမက်ဘာဒါဝီတို့သည် ယနေ့နံနက်၁၁နာရီတွင် ရန်ကုန်မြို့စိမ်းလဲ့ကန်သာ နိုင်ငံတော်အိမ်တော်၌ တွေ့ဆုံဆွေးနွေးကြသည်။

တက်ရောက်

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလှမောင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင်ဟာဂျီ အာမက်ဘာဒါဝီနှင့်အတူ နိုင်ငံခြားရေးဝန်ကြီး Datuk Seri Syed Hamid bin Syed Jaafar Albar၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ Secretary-General Tan Sri Ahmad Fuzi Hj Abdul Razad၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး Dato'Cheah Sam Kip နှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက်ဘာဒါဝီတို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အမြင်ချင်းဖလှယ်

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံ ဆက်ဆံရေး တိုးတက်မှုကိစ္စရပ်များ၊ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များ၊ ဒေသဆိုင်ရာ ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ ဦးဆောင်သော မြန်မာ-မလေးရှား ပူးပေါင်းဆောင်ရွက်ရေးပူးတွဲကော်မရှင် တစ်ရပ်ထူထောင်ရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်နှင့်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် လုပ်ငန်းသဘော အလည်အပတ်ခရီးရောက်ရှိနေသော မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင်ဟာဂျီ အာမက်ဘာဒါဝီနှင့် အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ နိုင်ငံတော်အိမ်တော်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလှမောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် လုပ်ငန်းသဘောအလည်အပတ်ရောက်ရှိနေသော မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီနှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ နိုင်ငံတော်အိမ်တော်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)



★ ကျောဖုံးမှ

မလေးရှားနိုင်ငံ သံအမတ်ကြီး Dato' Cheah Sam Kip တို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက်ဘာဒါဝီအား ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

ပန်းစည်းပေးအပ်

ထို့နောက် ဧည့်သည်တော် ဝန်ကြီးချုပ်သည် အထူးလေယာဉ်ပေါ်မှ ဆင်းသက်လာရာ လေယာဉ်လှေကားထိပ်တွင် ယဉ်ကျေးမှုတက္ကသိုလ်မှ မြန်မာအမျိုးသမီးငယ်တစ်ဦးက ပန်းစည်းပေးအပ်၍ ဂုဏ်ပြုကြိုဆိုသည်။

ယင်းနောက် ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက်ဘာဒါဝီအား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အထူးလေယာဉ်လှေကားထိပ်တွင် ဆီးကြိုနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဧည့်သည်တော် ဝန်ကြီးချုပ်အား ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက်ဘာဒါဝီသည် ကြိုဆိုနှုတ်ဆက်ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Simon Tensing de Cruz နှင့် အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၊ မလေးရှားနိုင်ငံ သံရုံးမှ သံရုံးအဖွဲ့ဝင်များအား နှုတ်ဆက်သည်။

ဂုဏ်ပြုတပ်ဖွဲ့အလေးပြု

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက်ဘာဒါဝီနှင့် အဖွဲ့ဝင်များသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခံခန်းမသို့ သွားရောက်ကြပြီး ဧည့်သည်တော် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက်ဘာဒါဝီနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

အလေးပြုခြင်းခံယူ

ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက်ဘာဒါဝီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက မလေးရှားနိုင်ငံ အမျိုးသားသီချင်းနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အမျိုးသားသီချင်းတို့ကို တီးမှုတ်သည်။

ဆက်လက်၍ ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက်ဘာဒါဝီနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထပ်မံနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဧည့်သည်တော် ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများအား တွေ့ဆုံနှုတ်ဆက်ပြီး ဧည့်သည်တော် ဝန်ကြီးချုပ်ကလည်း ကြိုဆိုနှုတ်ဆက်ကြသူများအား ထပ်မံနှုတ်ဆက်သည်။

ဆက်လက်၍ ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက်ဘာဒါဝီသည် ရန်ကုန်မြို့ရှိ မလေးရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအား နှုတ်ဆက်သည်။

ထို့နောက် ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက်ဘာဒါဝီနှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စိမ်းလဲ့ကန်သာ နိုင်ငံတော်အိမ်တော်သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက်ဘာဒါဝီနှင့် အဖွဲ့ဝင်များအား စိမ်းလဲ့ကန်သာ နိုင်ငံတော်အိမ်တော်၌ ရင်းရင်းနှီးနှီး ထပ်မံနှုတ်ဆက်ပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နံနက် ၁၀နာရီ ၃၅မိနစ်တွင် စိမ်းလဲ့ကန်သာ နိုင်ငံတော်အိမ်တော်မှ ပြန်လည်ထွက်ခွာသွားသည်။

လိုက်ပါလာ

မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက်ဘာဒါဝီနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Datuk Seri Syed Hamid bin Syed Jaafar Albar နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ လိုက်ပါလာကြသည်။

ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက်ဘာဒါဝီနှင့် အဖွဲ့ဝင်များအား ကြိုဆိုရာတွင် "မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက်ဘာဒါဝီအား လှိုက်လှဲစွာ ကြိုဆိုပါ၏" ဟူသော စာတန်းကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အရေးကြီးပုဂ္ဂိုလ်များ နားနေဆောင် အဝင်နှင့် လေဆိပ်အထွက် ပြည်လမ်းတို့၌ မြန်မာ–အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားထားပြီး နှစ်နိုင်ငံအလံများကိုလည်း လွှင့်ထူထားသည်။

ထို့အပြင် ပြည်လမ်းပေါ်ရှိ အင်းလျားလေးကွေ့၊ ပြည်လမ်းနှင့် အင်းလျားလမ်းထောင့်နှင့် စိမ်းလဲ့ကန်သာ နိုင်ငံတော် အိမ်တော်အဝင်တို့၌လည်း "မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက်ဘာဒါဝီအား လှိုက်လှဲစွာ ကြိုဆိုပါ၏" ဟူသော စာတန်းကို မြန်မာ–အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားကြိုဆိုထားသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ လုပ်ငန်းသဘော အလည်အပတ်ရောက်ရှိလာသော မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက်ဘာဒါဝီအား ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ နိုင်ငံတော်အိမ်တော်သို့ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

(၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်း သတ်မှတ်နေရာ၌ နေရာယူကြပြီး ယမန်နှစ် ချန်ပီယံအသင်းများဖြစ်ကြသော ဧရာဝတီတိုင်း အမျိုးသားအသင်းနှင့် မန္တလေးတိုင်း အမျိုးသမီးအသင်းတို့က မိမိတို့ရရှိခဲ့ကြသော ချန်ပီယံဒိုင်းဆုကြီးများကို ပြန်လည်အပ်နှံကြရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လက်ခံပြီး အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲကို ယနေ့မှစ၍ ဖေဖော်ဝါရီ ၁၈ရက်အထိ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်းများမှ အသင်း ၁၃သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၂-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ စားကြမယ်ဟော့ကောင်းကောင်း

၈:၀၅ ၆။ အဆိုပြိုင်ပွဲ

၈:၁၅ ၇။ နဂါးရေလျှောင်တမံ

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Grammar Made Easy.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၀ ၂။ တေးဂီတအစီအစဉ်

၁၁:၃၀ ၃။ ပြည်တွင်းသတင်း

၁၁:၄၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်

၁၂:၂၀ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ (အပိုင်း–၁၅)**

၁:၅၀ ၆။ ပထမအကြိမ်အသက်(၁၈)နှစ်အောက်ဘင်းမ်စတက် လူငယ်ချန်ပီယံမြန်မာ (အကြိုဗိုလ်လုပွဲ) (မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်)

၂:၃၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၂:၄၅ ၈။ International News.

၃:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English For Everyday Use.

၄:၄၅ ၄။ တေးဂီတအစီအစဉ်

၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ –ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)

၅:၁၅ ၆။ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်

၅:၃၀ ၇။ တေးဂီတအစီအစဉ်

၅:၄၅ ၈။ လက်ဆင့်ကမ်းပေးဂီတတေး

၅:၅၀ ၉။ ရုပ်မြင်ရသတေးစုကဏ္ဍ

၆:၀၅ ၁၀။ ပထမအကြိမ် ဘင်းမ်စတက် လူငယ်ဘောလုံးပြိုင်ပွဲချန်ပီယံ ဂုဏ်ပြုဆွေးနွေးခန်း (အပိုင်း–၁)

၆:၁၅ ၁၁။ စားကြမယ်ဟော့ကောင်းကောင်း

၆:၃၀ ၁၂။ ညနေခင်းသတင်း

၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၄။ Discovery

၇:၂၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးမြေဆုံးစေတော့ကွယ် (အပိုင်း–၁၈)**

၇:၄၀ ၁၆။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန် ခိုင်မာရန်မှာ ဒို့ဝန်တာ တစ်နံတစ်လျားအလှစုံညီ မြန်မာပြည် (အပိုင်း–၁)

၈:၀၀ ၁၇။ ပြည်တွင်းသတင်း

၁၈။ နိုင်ငံတကာသတင်းများ

၁၉။ မိုးလေဝသအခြေအနေ

၂၀။ **ရုပ်မြင်သံကြားဇာတ်လမ်း ဥမကွဲသိုက်မပျက် (အပိုင်း–၂) (ဇင်ဝိုင်း၊ဇော်ဦး၊မင်းမော်ကွန်း၊ မို့မို့မြင့်အောင်၊စိုးမြတ်သူဇာ၊ ဟန်နီထွန်း၊စိုးမြတ်နန္ဒာ၊ အိန္ဒြာကျော်ဇင်၊ ရတနာခင်) (ဒါရိုက်တာ– ညွှန့်မြန်မာညီညီအောင်)**

၂၁။ နောက်တစ်နေ့အစီအစဉ်

၂၂။ အစီအစဉ်ပြီး၏

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ လုပ်ငန်းသဘော အလည်အပတ်ခရီး လာရောက်ခဲ့သော မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက်ဘာဒါဝီသည် ယနေ့ညနေပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဧည့်သည်တော်မလေးရှား နိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက်ဘာဒါဝီ အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ရင်းနှီးခင်မင်စွာ ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက်ဘာဒါဝီနှင့် အဖွဲ့ဝင်များအား နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလှမောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရ ဦးအောင်ထက်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး Dato' Cheah Sam Kip နှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဧည့်သည်တော် မလေးရှား နိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီအဗ္ဗဒူလာ ဘင် ဟာဂျီ အာမက်ဘာဒါဝီအား မြန်မာနိုင်ငံခရီးစဉ် မှတ်တမ်းတင် ဓာတ်ပုံ အယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေ တို့ကို အမှတ်တရ ပေးအပ်စဉ်။

(သတင်းစဉ်)

အမှတ်တရပေးအပ်

အထူးလေယာဉ်ပေါ်သို့ မတက်ရောက်မီ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက်ဘာဒါဝီ တို့သည် ရင်းနှီးခင်မင်စွာ နှုတ်ဆက်ကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဧည့်သည်တော်ဝန်ကြီးချုပ်အား မြန်မာနိုင်ငံခရီးစဉ် မှတ်တမ်းတင်ဓာတ်ပုံ အယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေတို့ကို အမှတ်တရပေးအပ်သည်။

ထို့နောက် ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက်ဘာဒါဝီနှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့်ညနေ ၆နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာသွားရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် အရေးကြီးပုဂ္ဂိုလ်များ နားနေဆောင်မှ လက်ဝှေ့ယမ်း နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ရန်ကုန်မြို့ရှိ မလေးရှားနိုင်ငံသား လုပ်ငန်းရှင်များအား တွေ့ဆုံမှာကြား မလေးရှားနိုင်ငံမှ သတင်းထောက်များနှင့် တွေ့ဆုံ၍ သတင်းစာရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် လုပ်ငန်းသဘော အလည်အပတ်ခရီးရောက်ရှိနေသော မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက်ဘာဒါဝီသည် ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မီကာဆာ (Micasa) ဟိုတယ်၌ ရန်ကုန်မြို့ရှိ မလေးရှားနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံသည်။

ထို့နောက် ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက်ဘာဒါဝီသည် ညနေ ၅နာရီတွင် မီကာဆာဟိုတယ်၌ မလေးရှားနိုင်ငံမှ သတင်းထောက်နှင့်များတွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲ ကျင်းပသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၂-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတတရားတော် ကိသုဂေါတမသုတ်တရားတော်**
- ၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၄:၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၄၀ ၇။မြန်မာသံစဉ်ချိုနှာဝင်
- ၄:၅၀ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Psychological Research
- ၅:၃၀ ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း တစ်ရေးချစ်ခွင့် အပိုင်း(၇)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
  - ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
  - ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး အပိုင်း(၂၇)**
  - ၂၃။ သင့်အတွက်မနက်ဖြန်
  - ၂၄။ အပိတ်နှုတ်ဆက်စကား
  - ၂၅။ ပြီးပါပြီ။

ယနေ့မြန်မာ(အင်္ဂလိပ်) စာအုပ်စတင်ရောင်းချ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြုစုပြီး ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသော ယနေ့မြန်မာ အတွဲ–၆ ၊ အမှတ်–၃ အင်္ဂလိပ်စာအုပ်ကို ယနေ့မှစ၍ စာအုပ်ဆိုင်များတွင် စတင်ရောင်းချနေပြီ ဖြစ်သည်။

Myanmar Today စာအုပ်ကို ကုန်သည်လမ်း စာပေဗိမာန်စာအုပ် အရောင်းဆိုင်၊ သိမ်ဖြူလမ်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအရောင်းဆိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)နှင့် ခရိုင်ရုံး၊ မြို့နယ်ရုံးများတွင် ယနေ့မှစ၍ ဝယ်ယူရရှိနိုင်သည်။

(သတင်းစဉ်)

မြန်မာ့အမျိုးသမီးရေးရာ သိကောင်းစရာများ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ဦးဆောင်သောအဖွဲ့က မြန်မာအမျိုးသမီး ဆရာဝန်များအတွက် အမျိုးသမီးရေးရာ သိကောင်းစရာ အကြောင်း ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၅ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ဘာသာရပ်ဆိုင်ရာ အဖွဲ့များမှ အမှုဆောင်များနှင့် အဖွဲ့ဝင် အမျိုးသမီးဆရာဝန်တိုင်း မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

(သတင်းစဉ်)

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်ပတ်လည်နေ့ဂုဏ်ပြုထုတ်လွှင့်တင်ဆက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော (၅၈) နှစ်မြောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် မင်းသမီးအမာစိန်နှင့် မြန်မာ့အသံဝန်ထမ်းများပါဝင်တင်ဆက်သည့် မြန်မာ့အသံအငြိမ့်အဖွဲ့ ဖျော်ဖြေခန်းအစီအစဉ်ကို ဖေဖော်ဝါရီ ၁၅ရက် ည ၇နာရီ ၁၅မိနစ်တွင် မြန်မာ့အသံရေဒီယိုက ထုတ်လွှင့်တင်ဆက်မည်ဖြစ်သည်။

(သတင်းစဉ်)

အမေရိကန်နှင့် အပေါင်းပါတို့၏ ကျူးကျော်မှုအောက်မှ အီရတ်မြင်ကွင်း

အီရတ်နိုင်ငံတွင် အမေရိကန်တို့ဘက်မှ စစ်လက်နက်ပစ္စည်းများ ဆုံးရှုံးရမှု

အီရတ်စစ်ပွဲ မှတ်တမ်းများ

အီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်ရေးသမားများသည် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များကို နည်းမျိုးစုံဖြင့်ပြန်လည် တိုက်ခိုက်ခဲ့ကြသည်။ အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေမှာ ဆိုးရွားနေဆဲဖြစ်ပြီး အီရတ်ခုခံတိုက်ခိုက်ရေးသမားတို့၏ တိုက်ခိုက်မှုကြောင့် အမေရိကန်တို့ဘက်မှ စစ်လက်နက်ပစ္စည်းများ ဆုံးရှုံးပျက်စီးရမှုများမှာ ဆက်လက်ရှိနေဆဲပင်ဖြစ်သည်။



၂၀၀၃ခုနှစ် စက်တင်ဘာ ၁၄ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်အနောက်ဘက် ဖော်လူဂျာမြို့တွင် လမ်းဘေး၌ ထောင်ထားသော ဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားခဲ့သော အမေရိကန် ဟမ်းဗီးယာဉ်ကို ပြန်လည်သယ်ဆောင်နေသည်ကို တွေ့ရစဉ်။

၂၀၀၃ခုနှစ် အောက်တိုဘာ ၂၄ရက်က ဖော်လူဂျာမြို့တွင် အမေရိကန်ကြည်းတပ်မှ လက်နက်နှင့် ခဲယမ်းမီးကျောက်များ သယ်ဆောင်လာသည့်စစ်ယာဉ် တိုက်ခိုက်ခံရပြီး မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။

အီရတ်နိုင်ငံတွင် အမေရိကန်တို့ဘက်မှ စစ်လက်နက်ပစ္စည်းများ ဆုံးရှုံးရမှု

စဉ်	စစ်လက်နက်ပစ္စည်းများ	၂၀-၃-၂၀၀၃ မှ ၁-၅-၂၀၀၃ ထိ	၂-၅-၂၀၀၃ မှ ၂၉-၁-၂၀၀၄ ထိ	စုစုပေါင်း
၁။	တင့်ကား	၅	၁	၆
၂။	စစ်သည်တင် သံချပ်ကာကား	၄၅	ထုတ်ပြန် ကြေညာမှုမရှိ	၄၅
၃။	အခြားယာဉ်များ	၂၀၁	ထုတ်ပြန် ကြေညာမှုမရှိ	၂၀၁
၄။	လေယာဉ်မျိုးစုံ	၂၀	၁	၂၁
၅။	ရဟတ်ယာဉ်မျိုးစုံ	၂၃	၁၁	၃၄

၂၀၀၃ ခုနှစ် နိုဝင်ဘာ ၃ ရက်က မြို့တော်ဘဂ္ဂဒက် ဆင်ခြေဖုံးဒေသတွင် ခုခံတိုက်ခိုက်ရေးသမားများက ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမေရိကန် စစ်ယာဉ်တစ်စီး မီးလောင်ပျက်စီးနေစဉ်။

၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်က မြို့တော်ဘဂ္ဂဒက်တွင် မြေမြှုပ်မိုင်းဗုံး ထိမှန်ခံရမှုကြောင့် အမေရိကန် ကြည်းတပ်မှ စစ်သည်တင် သံချပ်ကာကားတစ်စီး မီးလောင်ကျွမ်းနေစဉ်။

၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁၃ ရက်က ဖော်လူဂျာမြို့တွင် ခုခံတိုက်ခိုက်ရေးသမားတို့၏ ပစ်ခတ်မှုကြောင့် ဒလက်ပျက်စီးသွားသော အမေရိကန် ကြည်းတပ်မှ အပါချီအမျိုးအစား စစ်ရဟတ်ယာဉ်ကို တွေ့ရစဉ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်

ရန်ကုန်တိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

ပြည်ထောင်စုနေ့ ဂုဏ်ပြု ဓာတ်ပုံ မှတ်တမ်း

ကွန်ပျူတာတက္ကသိုလ်

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ် အဆောက်အအုံသစ်ကို တွေ့ရစဉ်။

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
စိုက်ပျိုးရေး		
ဆည်တမံ	–	၁၂
မြစ်ရေတင်	–	၁၈
မြေအောက်ရေတင်လုပ်ငန်း	–	၅၀၀
စက်ရေတွင်း	–	၅၀၀၀
လမ်းပန်းဆက်သွယ်ရေး		
ကတ္တရာလမ်းမိုင်	၁၃၆၃၅	၁၈၁၁၂
ကျောက်ချောလမ်းမိုင်	၁၂၁	၂၁၀
မြေသားလမ်းမိုင်	၂၀	၁၈၂
တံတား(ပေ ၁၈၀အထက်)	၃	၂၃
ဆက်သွယ်ရေး		
စာတိုက်	၃၈	၁၀၁
ကြေးနန်းရုံး	၈	၄၈
အော်တိုတယ်လီဖုန်းစခန်း	၄	၃၇
အော်တိုရေဒီယိုတယ်လီဖုန်းစခန်း	–	၂
ဆယ်လူလာတယ်လီဖုန်းစခန်း	–	၇
စီဒီအမ်အေတယ်လီဖုန်းစခန်း	–	၈
G.S.Mတယ်လီဖုန်းစခန်း	–	၁၈
မိုက္ကရိုဝေ့ဗ်စခန်း	၉	၂၀

ရန်ကုန်တိုင်း ရန်ကုန်(မြောက်ပိုင်း)ခရိုင် လှည်းကူးမြို့နယ်ရှိ ကလီထော်ရေလှောင်တမံ ရေထိန်းမျှော်စင်ကို တွေ့ရစဉ်။

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
စက်မှုလုပ်ငန်း		
စက်မှုဇုန်	–	၁၀
စက်ရုံ၊အလုပ်ရုံ	–	၅၉၆၀
လျှပ်စစ်ဓာတ်အား		
တိုးတက်ထုတ်လုပ်နိုင်သည့်မဂ္ဂါဝပ်	–	၃၉၈
ပြန်ကြားရေး		
ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ	၁	၂
ပြန်/ဆက်ရုံး	–	၄၅
စာကြည့်တိုက်	–	၄၅
ပညာရေး		
အခြေခံပညာကျောင်း	၂၃၇၃	၂၆၄၄
သင်ထောက်ကူစာသင်ခန်း	–	၁၆၅
တက္ကသိုလ်/ကောလိပ်	၁၀	၃၁
ကျန်းမာရေး		
ဆေးရုံ	၃၆	၆၅
တိုင်းရင်းဆေးရုံ	–	၁
ဒေသန္တရကျန်းမာရေးဆေးခန်း	၂၃	၂၈

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ တိုင်းရင်းဆေးရုံ(ရန်ကုန်)ကို တွေ့ရစဉ်။

စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ထူးခြားသော ဝိသေသမှာ ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြစ်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများနှင့် တိုင်းရင်းသားမျိုးနွယ်စုများစွာ အတူတကွ ရင်းနှီးချစ်ကြည်စွာ ပေါင်းစည်းနေထိုင်ကြခြင်းဖြစ်သည်။ ပန်းပေါင်းစုံတို့ ဖူးပွင့်နေသည့် ပန်းဥယျာဉ်ကြီးနှင့်တူသော မြန်မာနိုင်ငံသည် သာယာလှပငြိမ်းချမ်းလျက်ရှိသည်ကို တွေ့မြင်နိုင်ပါသည်။

မြန်မာနိုင်ငံ၏ မြောက်ဘက်စွန်းရှိ ဆီးနှင်းများ ဖုံးလွှမ်းလျက်ရှိသော တောင်တန်းကြီးများသည် ဝေသီမြင့်မားသည်နှင့်အမျှ ငွေရောင်ဆမ်းထားသည့်နှယ်ရှိနေသည်။ မြန်မာနိုင်ငံ မြောက်ဘက်ဖျားမှ ကွေ့ကာရစ်ကာ စီးဆင်းလာသည့် မြစ်ချောင်းအသွယ်သွယ်တို့သည် ကချင်ပြည်နယ်အတွင်း ပေါင်းဆုံကာ ဧရာဝတီမြစ်ကြီးအဖြစ် တခြိမ့်ခြိမ့်တသွင်သွင် စီးဆင်းလာခဲ့သည်မှာ တောင်ဘက်မြစ်ဝကျွန်းပေါ်အထိဖြစ်သည်။

ဧရာဝတီမြစ်ကြီးကို အမှီပြု၍ အရှေ့–အနောက်၊ တောင်–မြောက် ဝဲ၊ ယာ ဒေသတစ်ခွင်တစ်ပြင်သည် မြသားကမ္ဗလာ စိမ်းရောင်ဖြာနေသည့် အဖိုးတန်သစ်တောကြီးများ၊ မြစ်ဝှမ်းလွင်ပြင်များတွင် သီးနှံစုံစိုက်ခင်းကြီးများဖြင့် ရောင်စုံဖြာနေသည်။ လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်အဖြစ် ကမ္ဘည်းတင်လျက်ရှိသော ဤမြေပေါ်တွင် ပြည်ထောင်စု တိုင်းရင်းသားများသည် ဘိုးဘေးစဉ်ဆက် ဥမကွဲသိုက်မပျက် အေးအတူ ပူအမျှ စည်းလုံးညီညွတ်စွာ ပေါင်းစည်းနေထိုင်လာခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။ သာယာလှပနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် စည်းလုံးညီညွတ်မှုရှိနေသော ပြည်ထောင်စု တိုင်းရင်းသားများ၏ မြတ်နိုးဖွယ်ရာ ရိုးရာယဉ်ကျေးမှုများသည် ထာဝရရှင်သန် ဖွံ့ဖြိုးတိုးတက်နေဦးမည်သာဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလူမျိုးများ အားလုံးအပေါ်တွင် ဖြူစင်သည့် မေတ္တာစေတနာထားရှိသည်။ တိုင်းရင်းသား လူမျိုးများ နေထိုင်ရာဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေး စနစ်တကျ စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်အတွင်း ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ရာတွင် တည်ငြိမ်အေးချမ်းသာယာမှုရှိရန် လိုအပ်သည်။ ထို့ကြောင့်ပင် ဦးစွာပထမ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးကို ဦးစားပေးဆောင်ရွက်ရင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ၏ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်ခဲ့သည်။ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝမြင့်မားရေးအတွက် စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ပေးခဲ့သည်။ ထို့ပြင် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး အထူးအစီအမံများကိုလည်း ချမှတ် ဆောင်ရွက်လျက်ရှိသည်။ ထို့မျှမက ပြည်ထောင်စုကြီးအတွင်း အကြားအလပ်မရှိ ဆက်စပ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ ခုအဖြစ် သတ်မှတ်၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့မြင်နေရပါသည်။

ထိုဖွံ့ဖြိုးရေး အထူးဒေသကြီးများကို လေ့လာကြည့်ပါက **မြစ်ကြီးနား၊ ဗန်းမော်၊ လွိုင်ကော်၊ ဘားအံ၊ ကလေး၊ မုံရွာ၊ ထားဝယ်၊ မြိတ်၊ ပဲခူး၊ ပြည်၊ မကွေး၊ ပခုက္ကူ၊ မန္တလေး၊ မိတ္ထီလာ၊ မော်လမြိုင်၊ စစ်တွေ၊ ရန်ကုန်၊ ကျိုင်းတုံ၊ တောင်ကြီး၊ ပင်လုံ၊ လားရှိုး၊ ပုသိမ်၊ ဟင်္သာတနှင့် မအူပင်** ဟူသည့် ဒေသကြီး ၂၄ ခုကို သတ်မှတ်ထားသည်။ အဆိုပါ ဖွံ့ဖြိုးရေးဒေသကြီးတစ်ခုစီတွင် တက္ကသိုလ်၊ နည်းပညာကောလိပ်၊ ကွန်ပျူတာ ကောလိပ်နှင့် ခုတင်–၂၀၀ဆံ့ အထူးကုဆေးရုံကြီးများ ပါဝင်ဖွဲ့စည်း တည်ဆောက်ပေးလျက်ရှိသည်။

သာဓကအားဖြင့် ရှမ်းပြည်နယ်တွင် ပြည်နယ်ရုံးစိုက်ရာ တောင်ကြီးမြို့၊ လားရှိုးမြို့နှင့် ကျိုင်းတုံမြို့တို့ကို ဗဟိုပြုထားသော အထူးဖွံ့ဖြိုးရေးဒေသကြီးများရှိပြီးဖြစ်သော်လည်း ပြည်ထောင်စုကြီး အစပျိုးသန္ဓေတည်မွေးဖွားရာ ပင်လုံဒေသကို ဖွံ့ဖြိုးရေးအထူးဒေသအဖြစ် သတ်မှတ်၍ အဘက်ဘက်က ဖြည့်ဆည်းပေးလျက်ရှိသည်။

ပြည်ထောင်စုကြီး မွေးဖွားသန့်စင်ရာ ပင်လုံဒေသကို ဂုဏ်ပြုသည့်အနေဖြင့် တည်ဆောက်ပြီးစီးနေသည့် ပင်လုံတက္ကသိုလ်၊ ပင်လုံအစိုးရကွန်ပျူတာကောလိပ်၊ ပင်လုံ အစိုးရနည်းပညာကောလိပ်နှင့် လွိုင်လင် ခုတင်–၂၀၀ဆံ့ အထူးကုဆေးရုံ၊ ပင်လုံ လိုင်း ၅၀၀ ဒီဂျစ်တယ် အော်တိုအိတ်ချိန်းတို့ကို ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့က ဖွင့်လှစ်ပေးခဲ့ပြီဖြစ်သည်။

ကချင်ပြည်နယ်တွင်လည်း မြစ်ကြီးနားမြို့အပြင် ဗန်းမော်ဒေသကို အထူးဖွံ့ဖြိုးရေးဒေသကြီးအဖြစ်သတ်မှတ်ပြီး ဒီဂရီကောလိပ်၊ ကွန်ပျူတာကောလိပ်နှင့် ခုတင်–၂၀၀ဆံ့ ဆေးရုံကြီးတို့ကို ထူထောင်ပေးထားပြီးဖြစ်သည်။

ထို့အပြင် ဖွံ့ဖြိုးရေးအထူးဒေသကြီးများတွင် မပါဝင်သော်လည်း အချက်အချာကျသော နေရာဒေသများ၌ ပညာရေး၊ ကျန်းမာရေးအပါအဝင် ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးလျက်ရှိသည်။ ကချင်ပြည်နယ် မိုးညှင်းမြို့တွင် ဒီဂရီကောလိပ်နှင့် ခုတင်–၁၀၀ဆံ့ဆေးရုံတို့ကို ထပ်မံထူထောင်ပြီးဖြစ်သည့်အပြင် အစိုးရစက်မှုလက်မှုသိပ္ပံကိုပါ ဖွင့်လှစ်နိုင်ရေးစီစဉ်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး တည်ဆောက်လျက်ရှိရာတွင် တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။ ယင်းသို့ အကောင်အထည်ဖော်ကြိုးပမ်းရာတွင် ကျန်းမာကြံ့ခိုင်သော နိုင်ငံသားတိုင်း ကာယ၊ ဉာဏစွမ်းအားအပြည့်အဝဖြင့် ပါဝင်နိုင်ရန် လိုအပ်သည်။ ထို့ကြောင့်ပင် ဖွံ့ဖြိုးရေးအထူးဒေသကြီးများ သတ်မှတ်ဆောင်ရွက်ရာ၌ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ခုတင်–၂၀၀ ဆံ့ အထူးကုဆေးရုံကြီးများကို ထည့်သွင်းတည်ဆောက် ဖြည့်ဆည်းပေးနေခြင်းဖြစ်သည်။

သာဓကအားဖြင့် ဧရာဝတီတိုင်း မအူပင်ဖွံ့ဖြိုးရေးအထူးဒေသတွင် ခုတင်–၂၀၀ ဆံ့ အထူးကုဆေးရုံကြီးကို ၂၀၀၃ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့က ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ယခုအခါ မအူပင်ဒေသတွင် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုမည့် မအူပင်တက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်တို့ကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ပေသည်။

မြန်မာနိုင်ငံတောင်ဘက်ပိုင်း တနင်္သာရီတိုင်း၌ ထားဝယ်ဒေသနှင့် မြိတ်ဒေသတို့ကို ဖွံ့ဖြိုးရေးဒေသကြီးများ အဖြစ် အကောင်အထည်ဖော်

နိုင်ငံတော်၏ ဖြူစင်သောစေတနာ

မကွေးမြို့ရှိ မကွေးလေဆိပ် အဆောက်အအ

လျက်ရှိရာ မြိတ်မြို့တွင် တည်ဆောက်ပြီးစီးသွားသည့် ခုတင်–၂၀၀ ဆံ့ အထွေထွေ ရောဂါကုဆေးရုံသစ်ကြီးကို ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။

အခြားသော ဖွံ့ဖြိုးရေးအထူးဒေသကြီးများဖြစ်သည့် ကယားပြည်နယ် လွိုင်ကော်ရှိ တက္ကသိုလ်သုံးထပ်တိုးချဲ့ဆောင်၊ ကရင်ပြည်နယ်ဘားအံရှိ ဘားအံတက္ကသိုလ် အဆောက်အအုံသစ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ အထွေထွေရောဂါကုဆေးရုံသစ်၊ မကွေးမြို့ရှိ မကွေးဆေးတက္ကသိုလ်၊ အခြေခံကျန်းမာရေးတက္ကသိုလ် စသည့် အဆောက်အအုံသစ်ကြီးများမှာ ခံ့ခံ့ညားညား ထည်ထည်ဝါဝါ ရှိလှသည်။

အခြားသော ဖွံ့ဖြိုးရေး အထူးဒေသကြီးများတွင်လည်း ဖွံ့ဖြိုးရေး အထူးဒေသကြီးများ၏ အင်္ဂါရပ်များနှင့် ပြည့်စုံစေရေးအတွက် အစိုးရ



တနင်္သာရီတိုင်း မြိတ်မြို့ရှိ ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကု ဆေးရုံသစ်ကြီး(မြိတ်)အဆောက်အအုံကို တွေ့ရစဉ်။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

တည်ဆောက်
ရီကောလိပ်နှင့်
၌အပြင် အစိုးရ
၏။
ကို အေးချမ်း
တိုးတက်စေရေး
ူးပေါင်းပါဝင်မှု
နေခြင်းဖြစ်သည်။
းမာကြံ့ခိုင်သော
 ပါဝင်နိုင်ရန်
များ သတ်မှတ်
ကမှုပေးနိုင်ရန်
င်းတည်ဆောက်

အထူးဒေသတွင်
လ ၁၀ ရက်နေ့က
ခွမ်းအား အရင်း
ူပင်တက္ကသိုလ်၊
ည်။
းဝယ်ဒေသနှင့်
င်အထည်ဖော်



နည်းပညာကောလိပ်၊ အစိုးရကွန်ပျူတာကောလိပ် အဆောက်အအုံသစ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်တည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်က ဒေသအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်များကို ဒေသအလိုက် အထူးပြုပြီး အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးမြေဧက ၁၀၈၀၀၀ ကို အကျိုးပြုပြီး ၂၅ မဂ္ဂါဝပ် စက်သုံးလုံးဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးနိုင်မည့် မကွေးတိုင်း စေတုတ္တရာမြို့နယ်မှ မုန်းချောင်းရေလှောင်တမံကို တွေ့ရစဉ်။

ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာကောင်းများကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြသည်။ ယင်းသို့ လက်တွဲပေါင်းစည်းနေထိုင်ပြီး ဓလေ့စရိုက်ကောင်းများကို ထိန်းသိမ်းနေကြခြင်းသည် နိုင်ငံတော်၏ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားပြီး ညီညွတ်မျှတသည့် လူ့ဘောင်အဖွဲ့အစည်းတည်ထောင်နိုင်သည့် အမျိုးသားရေးစွမ်းရည်ကို ဖော်ပြနေခြင်းပင်ဖြစ်သည်။

နိုင်ငံတော်အစိုးရက တိုင်းရင်းသားလူမျိုးများ အားလုံးအပေါ်တွင် ဖြူစင်သော မေတ္တာစေတနာထားရှိသည်။ ပြည်ထောင်စုကြီး နယ်မြေဒေသအစိတ်အပိုင်းအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရန် စီးပွားရေး၊ လူမှုရေး လိုအပ်ချက်များကို စနစ်တကျ တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကလည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ညီညီညွတ်ညွတ် ပါဝင်ကြိုးပမ်းလျက်ရှိကြသည်။ ယခုအခါ နိုင်ငံတော်တစ်ဝန်း တည်ငြိမ်အေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ပြည်သူများ ရရှိခံစားနေကြရပြီ။

ပြည်ထောင်စုကြီးအတွင်း ဖြစ်ထွန်းတည်ရှိနေပြီဖြစ်သည့် ငြိမ်းချမ်းသာယာမှု၊ ဖွံ့ဖြိုးဝေစည်မှု အမွန်အမြတ် တရားများနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲစေရေး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတာဝန်ကို တိုင်းရင်းသားပြည်သူများက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ထာဝစဉ်ကြိုးပမ်း ထမ်းဆောင်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ရှမ်းပြည်နယ်တောင်ပိုင်း ဆိုက်ခေါင်–နမ့်စန်ရထားလမ်းပိုင်းပေါ် ပွန်ချောင်းတံတားကို တွေ့ရစဉ်။

ာစေတနာ ပြည်ထောင်စုတစ်ဝန်းဝေဖြာ

ွးလေဆိပ် အဆောက်အအုံသစ်ကို တွေ့ရစဉ်။

ခုတင်–၂၀၀ ဆံ့
အာက်တိုဘာလ

ာယားပြည်နယ်
ည်နယ်ဘားအံရှိ
ယ်(အရှေ့ပိုင်း)
ွးမြို့ရှိ မကွေး
အဆောက်အအုံ
ည်။
ည်း ဖွံ့ဖြိုးရေး
အတွက် အစိုးရ

ကြည်ဝင်းညွန့်

လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသည့် ချင်းပြည်နယ်တွင် လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်လာစေရေး ဦးစားပေး ဖြည့်ဆည်းပေးလျက်ရှိသည်။ တစ်ချိန်တည်းတွင် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆင့်မြှင့်တင်ပေးမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ကချင်ပြည်နယ်တွင် မြစ်ကြီးနားမြို့၊ ဖားကန့်မြို့၊ ပူတာအိုမြို့တို့နှင့် နယ်စပ်ဒေသများအထိ သွားလာရေးလွယ်ကူစေရန် လမ်းတံတားများကို တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိသည်။

စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်တို့ ဆက်သွယ်ရေးတွင် ဧရာဝတီမြစ် အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းမှ လမ်းမကြီးများ တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ မြစ်ကူးတံတားကြီးများ တည်ဆောက်ပေးခြင်းတို့ကြောင့် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေး၊ လူမှုရေးဘဝများ တိုးတက်ဖြစ်ထွန်းလာလျက်ရှိသည်။

ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့ကဲ့သို့ မြစ်ချောင်းပေါများသဖြင့် ရေလမ်းကိုသာ အားပြုနေရသောဒေသများတွင် မြစ်ကူး၊ ချောင်းကူးတံတားပေါင်းများစွာ ပါဝင်သော လမ်းမကြီးများကို ဒေသတစ်ခွင်လုံး လက်ယှက်ထိုးဖောက်လုပ်ပေးခဲ့၍ ပြည်သူအများ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။

ယခုကဲ့သို့ ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ညီညွတ်မျှတစွာ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်ထောင်စုတိုင်းရင်းသားအားလုံးသည်လည်း ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးရလဒ်ကောင်းများကို မျှဝေခံစားနေကြရပြီဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားအားလုံး ရင်းနှီးချစ်ကြည်စွာ ပေါင်းစည်းနေထိုင်လျက်ရှိကြသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားယုံကြည်မှုဖြင့် မိမိတို့ ယုံကြည်ရာဘာသာကိုလွတ်လပ်စွာကိုးကွယ်ခွင့်ရှိကြသည်။ မိမိတို့ နှစ်ခြိုက်ရာ

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် ဖေဖော်ဝါရီလ ၁၀ ရက်နေ့က ဖွင့်လှစ်ခဲ့သည့် မိုးကောင်းတံတားကို တွေ့ရစဉ်။

အောင်ဆန်းတောရ ဆရာတော်တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မဟာကမ္မဋ္ဌာနာစရိယ အောင်ဆန်းတောရ(တပ်ဦး)ကျောင်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ၏ တရားပွဲကို ဖေဖော်ဝါရီ ၁၅ရက်မှ ၂၂ရက်အထိ ညစဉ် ၆နာရီမှစ၍ စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

(က–ပ)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်

မြင်းခြံမြို့၌ကျင်းပသော မြင်းခြံဒီဂရီကောလိပ် ပင်မဆောင်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ)ပင်မဆောင်ဖွင့်ပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၁ရက်နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြရာ နံနက် ၈နာရီခွဲတွင် မန္တလေးတိုင်း ပုဂံညောင်ဦးလေဆိပ်သို့ ရောက်ရှိကြသည်။

စုပေါင်းဓာတ်ပုံရိုက်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၁ ရက်က မြင်းခြံမြို့ရှိ မြင်းခြံဒီဂရီကောလိပ် ပင်မဆောင်ရှေ့တွင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အတူ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် စစ်ဘက်နယ်ဘက်မှ အရာရှိများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်လိုက်ပါလျက် မြင်းခြံမြို့သို့ရောက်ရှိကြသည်။

တက်ရောက်ချီးမြှင့်

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို ဖွင့်လှစ်သည့် မန္တလေးတိုင်း မြင်းခြံမြို့၌ ပညာရေးဝန်ကြီးဌာနက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ပြီးစီးသွားသည့် မြင်းခြံဒီဂရီ ကောလိပ်ပင်မဆောင် ဖွင့်ပွဲအခမ်းအနားကို နံနက် ၉နာရီတွင် အဆိုပါ ဒီဂရီကောလိပ်၌ ကျင်းပရာမြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြင်းခြံဒီဂရီကောလိပ် ကျောင်းအုပ်ကြီး၊ ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ သရုပ်ပြများ နည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မင်္ဂလာစည်တော်အဖွဲ့များ၊ ဘင်ခရာအဖွဲ့ ပန်းဖွားအကအဖွဲ့များ၊ ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် အတူ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဖေဖော်ဝါရီ ၁၁ ရက် က မြင်းခြံဒီဂရီကောလိပ် ပင် မ ဆောင် ဖွင့်ပွဲ အထိမ်းအမှတ် အဖြစ် ပင် မ ဆောင် ပရဝဏ်အတွင်း၌ ကံ့ကော်ပင် စိုက် ပျိုး ပေး စဉ်။ (သတင်းစဉ်)

ဆိုင်းဘုတ်ဖွင့်လှစ်

အစီအစဉ်အရ မြင်းခြံဒီဂရီကောလိပ် မှခ်ဦးဆိုင်းဘုတ်ဖွင့်ပွဲကို ဒီဂရီကောလိပ် အဝင်မုခ်ဦး၌ စတင်ကျင်းပရာ မြင်းခြံဒီဂရီကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများက ရွှေကြိုးဆွဲ၍ မြင်းခြံဒီဂရီကောလိပ် မုခ်ဦးဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြင်းခြံဒီဂရီကောလိပ် ပင်မဆောင်ဖွင့်ပွဲကို ပင်မဆောင်ရှေ့၌ ကျင်းပရာ မြင်းခြံ ဒီဂရီကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများက ဖဲကြိုးဖြတ်၍ မြင်းခြံဒီဂရီကောလိပ် ပင်မဆောင်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပင်မဆောင်ရှေ့၌ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့် အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

သစ်ပင်စိုက်ပျိုး

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြင်းခြံဒီဂရီကောလိပ်ပင်မဆောင်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ပင်မဆောင် ပရဝဏ်အတွင်း၌ ကံ့ကော်၊ ခရေနှင့် ပိတောက်ပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပင်မဆောင် ကမ္ပည်းမော်ကွန်းကြေးပြားကိုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပင်မဆောင် ကမ္ပည်းမော်ကွန်းကြေးပြားကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး အစီအစဉ် ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ မြင်းခြံဒီဂရီကောလိပ် နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ) ပင်မဆောင်များ ဖွင့်ပွဲ အစီအစဉ်ကို မြင်းခြံ ဒီဂရီကောလိပ် ပင်မဆောင် ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ်ကြီးကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ပြည်ထောင်စုနေ့အကြိုနေ့ရက်ကာလတွင် မြင်းခြံဒီဂရီကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (မြင်းခြံ)တို့၏ သစ်လွင်ခံ့ညားထည်ဝါသည့် ပင်မဆောင် အဆောက်အအုံသစ်ကြီးများကို ဖွင့်လှစ်ပေးနိုင်ခြင်းသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံးညီညွတ်မျှတစွာ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရမည်ဆိုသည့် နိုင်ငံတော်အစိုးရ၏ ဖြူစင်မှန်ကန်သော အမျိုးသားရေးသန္နိဋ္ဌာန်စိတ်ဓာတ်က ပေါက်ဖွားဖြစ်ထွန်းလာသည့် အကျိုးရလဒ်ကောင်းများပင် ဖြစ်သည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

တန်ဖိုးပိုမိုသိမြင်

ဤကဲ့သို့ မွန်မြတ်လှသည့် ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ်ကြီးကို ဂုဏ်ပြုကြိုဆိုပြီး တည်ဆောက်ဖွင့်လှစ်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✪

✪ စာမျက်နှာ ၁၀မှ

ပေးလိုက်သည့် သစ်လွင်ခံ့ညားထည်ဝါသော ပင်မအဆောက်အအုံသစ်ကြီးနှင့်တကွ အဆင့်အတန်း မြင့်မားသည့် စာသင်ဆောင်များ၊ နိုင်ငံတကာအဆင့်မီသင်ကြားမှု သင်ယူမှု စာသင်ခန်းများတွင် စိတ်အေးချမ်းမြေ့စွာ အဆင့်မြင့်ပညာရပ်များ ဆည်းပူးလေ့လာသင်ကြားခွင့်ရရှိကြသည့် ကျောင်းသူ၊ ကျောင်းသားလူငယ်များ အနေဖြင့် ပြည်ထောင်စုကြီး၏ အနှစ်သာရနှင့် ဂုဏ်ဒြပ်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၏ စွမ်းပကားနှင့် တန်ဖိုးကို ပိုမိုသိမြင်ခံစားတတ်လာသည်နှင့်အမျှ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ကြိုးပမ်းဆောင်ရွက်မှုများတွင် ပိုမိုတက်ကြွထက်သန်စွာ ပူးပေါင်းပါဝင် ဆောင်ရွက်လာကြမည်မှာ ဧကန်အမှန်ပင်ဖြစ်ကြောင်း။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ်ကြီး၏ အကြိုကာလများတွင် ရန်ကုန်တိုင်းအတွင်းက ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ကရင်ပြည်နယ်အတွင်းက ဘားအံတက္ကသိုလ်တို့ကိုဖွင့်လှစ်ပြီးနောက် ကချင်ပြည်နယ်အတွင်းက မိုးညှင်းဒီဂရီကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း)တို့နှင့်အတူ ယနေ့ မန္တလေးတိုင်းအတွင်းတွင် မြင်းခြံဒီဂရီကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ)တို့တွင် သစ်လွင်ခံ့ညားထည်ဝါသည့် အဆောက်အအုံသစ်ကြီးများ၊ နိုင်ငံတကာအဆင့်မီသင်ကြားမှုသင်ယူမှု အထောက်အကူပြု ခေတ်မီပစ္စည်းကိရိယာများ ပြည့်ပြည့်စုံစုံနှင့် နိုင်ငံတကာတက္ကသိုလ်ကောလိပ်သိပ္ပံများ၏ ဂုဏ်အင်္ဂါရပ်များ လျော်ညီထိုက်တန်သည့် အဆောက်အအုံများကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဤကဲ့သို့ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများအဖြစ်အစီအရီ ရှေ့ဆင့်နောက်ဆင့် ဖြစ်ထွန်းပေါ်ပေါက်လာခြင်းသည် မိမိနိုင်ငံသူနိုင်ငံသား တိုင်းရင်းသားလူမျိုးများအားလုံးအပေါ်တွင် သာစေနာစေမရှိ ရင်ဒွေးဖြစ်သော သားသမီးများသဖွယ် မျှတစွာ အလေးထားပြုစု ပျိုးထောင်ပေးနေသည့် နိုင်ငံတော်အစိုးရ၏ဖြူစင်မွန်မြတ်သည့် စေတနာစိတ်ထားကို ဖော်ညွှန်းပြသနေခြင်း ဖြစ်သည်ဟု တစ်ဆက်တည်းပြောကြားလိုကြောင်း။

အထောက်အကူဖြစ်

အလားတူပင် ဤကဲ့သို့ ပြည်ထောင်စုကြီးတစ်ခွင်လုံး ဖြန့်ကြက်တည်ဆောက်ပေးနေသည့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများတွင် စိတ်အေးချမ်းမြေ့စွာ ပညာသင်ကြားခွင့်ရရှိကြသည့် ကျောင်းသူ၊ ကျောင်းသားများသည်လည်း အရည်အသွေးမြင့်မားသော အသိပညာရှင် အတတ်ပညာရှင်များ အဖြစ်ဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများ အားလုံးတွင် ဖြန့်ကြက်ပေါ်ထွန်းလာတော့မည် ဖြစ်သည့်အတွက် ပြည်ထောင်စုကြီးတစ်ရပ်လုံး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် များစွာအထောက်အကူဖြစ်စေမည် ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာ့အလယ်၌ ဂုဏ်သိက္ခာ မြင့်မားထည်ဝါစွာဖြင့် ရင်ပေါင်တန်း ရပ်တည်နိုင်စေရေးနှင့် မှန်းဆမရနိုင်သည့် အရှိန်အဟုန်ဖြစ်ပေါ်နေသည့် နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှုအဖုံဖုံတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးအကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ကာကွယ်စောင့်ရှောက်မြှင့်တင်နိုင်စေရေးတို့ကို အနာဂတ်ကာလတိုင် ဖော်ဆောင်မြှင့်တင်ပေးနိုင်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများကို တစ်မျိုးသားလုံး၏ စုပေါင်းစွမ်းပကားဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း။

အခြေခံအကျဆုံး

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော် ချစ်ကြည်စည်းလုံးစွာ လက်တွဲပေါင်းယှက် နေထိုင်လျက်ရှိကြသည့် ပြည်ထောင်စုကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲစွာဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု မြင့်မားခိုင်ကျည်စေရန်၊ ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းဒေသများ အားလုံးတည်ငြိမ်အေးချမ်း သာယာပြီး တိုင်းရင်းသားလူမျိုးများအားလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရန်သည် အခြေခံအကျဆုံးသော အမျိုးသားရေး လိုအပ်ချက်များပင် ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာရေး၊ ဒေသဖွံ့ဖြိုး တိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးတို့ကို လက်တွေ့ဖော်ဆောင်ပေးနိုင်မည့် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် နယ်ပယ်ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများကို ပြည်ထောင်စုကြီးတစ်ခွင်လုံးတွင် ဖြန့်ကြက်ပြီး တည်ဆောက်ထူထောင်ပေးလျက်ရှိကြောင်း။

စနစ်တကျပေါင်းစပ်

ဤသို့ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍစုံတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ကျေးလက်အစွန်အဖျား ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို စနစ်တကျပေါင်းစပ်ပြီး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ထို့အပြင် ပြည်ထောင်စုကြီး၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ထူးထူးခြားခြားထိထိရောက်ရောက် မြှင့်တင်ပေးနိုင်မည့်လမ်းမကြီးများ၊ မြစ်ကူးတံတားကြီးများ တည်ဆောက်ရေး၊ ရေအားလျှပ်စစ်လုပ်ငန်းများ၊ စွမ်းအင်ကဏ္ဍမြှင့်တင်ရေး လုပ်ငန်းများစသည့် အထူးစီမံကိန်းကြီးများကိုလည်း နိုင်ငံတော်တစ်ဝန်းလုံးတွင် စနစ်တကျ ဖြန့်ကြက်စီမံ တည်ဆောက်ပေးလျက်ရှိကြောင်း။

ဆက်စပ်မိရေး

ထိုမျှမက ယင်းကဲ့သို့ ဖွံ့ဖြိုးရေးစီမံကိန်းနယ်မြေများတွင် အကျုံးမဝင်သော်လည်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုနယ်မြေကဏ္ဍများအားလုံး ဆက်စပ်မိစေရေးတွင် အချက်အချာကျသည့် ကွင်းဆက်သဖွယ်ရှိနေသည့် နေရာဒေသများတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို စီမံချမှတ်တည်ဆောက်ပေးလျက်လည်းရှိသည့်အတွက် ယခုကဲ့သို့ ကချင်ပြည်နယ်၊ မိုးညှင်းဒေသ၊ မန္တလေးတိုင်းက ဤမြင်းခြံဒေသတို့ကဲ့သို့ နေရာဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်တော့မည် ဖြစ်ကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံ တည်ထောင်နိုင်ရေးတွင် မိမိနိုင်ငံအတွင်း စက်မှုနှင့် နည်းပညာဆိုင်ရာ အသိပညာရှင် အတတ်ပညာရှင်များ၊ ဝိဇ္ဇာနှင့်သိပ္ပံဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များ ပြုစုပျိုးထောင် မွေးထုတ်နိုင်မှသာလျှင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်မည်ဖြစ်ကြောင်း၊ တစ်နည်းပြောရလျှင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အဆင့်တွင်ရော ဒေသဆိုင်ရာအဆင့်မှာပါ စနစ်တကျ စီမံဆောင်ရွက်ပေးရန် အထူးလိုအပ်မည်ဖြစ်ကြောင်း။

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်အတွင်း အဆင့်မြင့်သိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်ထွန်းကားရေး၊ နိုင်ငံသူ နိုင်ငံသားအားလုံး ပညာရည်မြင့်မားရေး၊ အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များနှင့် ဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ရေးတို့ကို မျှော်မှန်းပြီး ပြည်ထောင်စုကြီးတစ်ခွင်လုံးတွင် ပညာရေးအခွင့်အလမ်းများ မျှတစွာ ဖြန့်ကြက်ပေါ်ထွန်းလာစေရန် ပညာရေးစီမံကိန်းအဆင့်ဆင့်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

နယ်မြေဒေသ လိုအပ်ချက်အရသော်လည်းကောင်း၊ ပညာရပ်အလိုက်သော်လည်းကောင်း တက္ကသိုလ်၊ ကောလိပ်နှင့်သိပ္ပံများကို တစ်နိုင်ငံလုံး ဖြန့်ကြက်ပြီး တိုးချဲ့ထူထောင် ပေးလျက်ရှိသည့်အတွက် ၁၉၈၈ ခုနှစ် ကာလက တစ်နိုင်ငံလုံးတွင် တက္ကသိုလ်နှင့် ကောလိပ်ပေါင်း ၃၂ ခုသာရှိခဲ့ရာက ယခုဆိုလျှင် တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၅၄ခုအထိရှိနေပြီဖြစ်ကြောင်း။

တိုးတက်ဖြစ်ထွန်း

နည်းပညာကဏ္ဍမှာ ဆိုလျှင်လည်း ယခင်ခေတ်ကာလက နည်းပညာတက္ကသိုလ် တစ်ခု၊ ကွန်ပျူတာတက္ကသိုလ် တစ်ခုနှင့် စက်မှုလက်မှုသိပ္ပံ ၁၂ခုသာရှိခဲ့ရာက ယခုဆိုလျှင် နည်းပညာတက္ကသိုလ် သုံးခု၊ ကွန်ပျူတာတက္ကသိုလ် နှစ်ခု၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်စသည့် တက္ကသိုလ်စုစုပေါင်း ခုနစ်ခု၊ အစိုးရနည်းပညာကောလိပ် ၂၆ခု၊ အစိုးရ ကွန်ပျူတာကောလိပ် ၂၄ခုနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ ၁၁ခုထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

မြင်းခြံဒေသအနေဖြင့် ကြည့်မည်ဆိုလျှင် မြင်းခြံဒေသက ကျောင်းသူကျောင်းသား လူငယ်များအနေဖြင့် ယခင်အခါက အဆင့်မြင့်ပညာ သင်ကြားရေးအတွက် အခြားသောဒေသများကို သွားရောက်ပညာသင်ကြားနေရရာက ယခုဆိုလျှင် မြင်းခြံဒီဂရီကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ)တို့ တစ်ပြိုင်တည်း ပေါ်ထွန်းလာပြီဖြစ်သည့်အတွက် အဆင့်မြင့်ပညာရပ်များကို စိတ်အေးချမ်းမြေ့စွာ စရိတ်စကသက်သာစွာဖြင့် အိုးမကွာအိမ်မကွာ သင်ကြားနိုင်သည့် အခွင့်အလမ်းများ ဖြစ်ထွန်းလာခဲ့ပြီလည်းဖြစ်ကြောင်း။

အခြေခံပညာကဏ္ဍ၌ ကြည့်မည်ဆိုလျှင်လည်း ယခင်ခေတ်ကာလက မြင်းခြံခရိုင်အတွင်း မူလတန်းကျောင်း ၆၄၇ကျောင်း၊ အလယ်တန်းကျောင်း ၃၂ကျောင်းနှင့် အထက်တန်းကျောင်း ၁၀ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၆၈၉ ကျောင်းသာရှိခဲ့ရာက ယခုဆိုလျှင် ကျောင်းပေါင်း ၂၃၅ကျောင်း တိုးတက်လာခဲ့သည့်အတွက် အခြေခံပညာကျောင်းပေါင်း ၉၂၄ ကျောင်း ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ဤအခြေခံပညာကျောင်းများတွင် ပညာသင်ယူဆည်းပူးကြသည့် ကျောင်းသူ ကျောင်းသားများ အရေအတွက်သည်လည်း ယခင်က ၁၃၀,၀၀၀ကျော်သာရှိခဲ့ရာက ယခုဆိုလျှင် ၄၀,၀၀၀နီးပါးတိုးပွားလာခဲ့သဖြင့် အခြေခံပညာ ကျောင်းသူကျောင်းသား ၁၇၀,၀၀၀ကျော် ရှိလာခဲ့ပြီဖြစ်သည်ကို တွေ့ရကြောင်း။

အခြေခံကောင်းများဖြစ်ထွန်း

ဤသို့ မိမိရပ်ရွာ ဒေသအတွင်း ပညာရေးဆိုင်ရာ အခြေခံကောင်းများ တိုးပွားဖြစ်ထွန်းနေသည့် အခြေအနေ အချိန်အခါတွင် ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများအားလုံးက နိုင်ငံတော်အစိုးရ၏ ပညာရေးကဏ္ဍဆိုင်ရာ မျှော်မှန်းချက်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ရည်မှန်းချက်များကို သိမြင်ပြီး မိမိတို့ဒေသအတွင်း နိုင်ငံတကာအဆင့်မီ ထူးချွန်ထက်မြက်သည့် အသိပညာရှင် အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းစေရအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်သည်ဟု ပြောကြားလိုကြောင်း။

အထူးသဖြင့် ကျောင်းသူ၊ ကျောင်းသား လူငယ်များအနေဖြင့် မိမိတို့မျက်မှောက်တွင် နေ့ချင်းညချင်း ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သည့် မြင်းခြံဒီဂရီကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ)တို့နှင့်တကွ သစ်လွင်ခံ့ညားထည်ဝါသောကောလိပ်နှင့် သိပ္ပံအဆောက်အအုံများ၊ နိုင်ငံတကာအဆင့်မီ သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု စာသင်ခန်းများကို အကျိုးရှိ ထိုက်တန်စွာအသုံးပြုပြီး အဆင့်မြင့်ပညာရပ်များကို စိတ်အေးချမ်းမြေ့စွာ ဆည်းပူးသင်ယူသွားကြပါ၊ မိမိတို့ မျိုးဆက်သစ်လူငယ်များအပေါ် နိုင်ငံတော်ကထားရှိသည့် မွန်မြတ်မြင့်မားသည့် မေတ္တာစေတနာနှင့် မျှော်မှန်းချက်များကို နားလည်သဘောပေါက်ပြီး ဤမေတ္တာစေတနာ မျှော်မှန်းချက်များနှင့်အညီ ထူးချွန်ထက်မြက်သည့် အသိပညာရှင် အတတ်ပညာရှင်များ ဖြစ်လာစေရအောင် ကြိုးစားအားထုတ်သွားကြပါဟု မှာကြားလိုကြောင်း။

မြင်းခြံမြို့ မြင်းခြံဒီဂရီကောလိပ် ပင်မဆောင်ကို ဖေဖော်ဝါရီ ၁၁ရက်က တွေ့ရစဉ်။ (သတင်းစဉ်)

ကြိုးစားအားထုတ်

မိမိတို့ တတ်သိအပ်သည့် ပညာရပ်များကို ပြည့်ပြည့်ဝဝကျွမ်းကျင်တတ်မြောက်ပြီး စွမ်းဆောင်ရည်မြင့်မားသည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များ ဖြစ်လာသည့် အချိန်အခါတွင်လည်း နိုင်ငံတော်၏ မျှော်မှန်းချက်များနှင့်အညီ မိမိရပ်ရွာ မိမိဒေသတင်မကဘဲ မိမိပြည်ထောင်စုကြီး တစ်ရပ်လုံး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရအောင် စွမ်းဆောင်ပေးနိုင်သော ပုဂ္ဂိုလ်များဖြစ်လာရန်ကို ကြိုးစားအားထုတ်လေ့လာ ဆည်းပူးသွားကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ အလွန်ခံ့ညားထည်ဝါစွာ ပေါ်ထွန်းလာပြီဖြစ်သည့် မြင်းခြံဒီဂရီကောလိပ်နှင့် စက်မှုလက်မှုသိပ္ပံ ကျောင်းတော်ကြီးများမှသည် မိမိရပ်ရွာ မိမိဒေသ ဖွံ့ဖြိုး တိုးတက်ရေး၊ မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံတကာ အလယ်တွင် တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရေးတို့အတွက် စွမ်းစွမ်းတမံကြိုးပမ်းစွမ်းဆောင် မြှင့်တင်ပေးနိုင်မည့် ထူးချွန်ထက်မြက်သော တိုင်းကျိုးပြည်ဆောင် အသိပညာရှင် အတတ်ပညာရှင်များ ဖြစ်လာစေရအောင်၊ အရည်အသွေး မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်စေရအောင် ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများအားလုံးက နိုင်ငံတော်၏မျှော်မှန်းချက်နှင့်အညီ တက်ညီလက်ညီ ကြိုးစားအားထုတ်သွားကြပါဟု တိုက်တွန်းပြောကြားသည်။

ပညာရည်မြင့်မားရေး

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ယခုကာလတွင် အမျိုးသားပညာရည်မြင့်မားရေး နှစ်ရှည်စီမံကိန်းချမှတ်ပြီး ပညာရေးဝန်ကြီးဌာနသာမက ကျန်းမာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများအောက်ရှိ အဆင့်မြင့်ပညာကဏ္ဍများကိုပါ ထည့်သွင်းစီမံ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကာလဖြစ်ကြောင်း။

အဆင့်မြင့် ပညာကဏ္ဍအနေဖြင့် ၁၉၈၈ ခုနှစ်က တစ်နိုင်ငံလုံးတွင် တက္ကသိုလ် ကောလိပ် ၃၂ခုရှိခဲ့ရာက ယခုဆိုလျှင် ပြည်နယ်နှင့်တိုင်းအားလုံးတွင် ဖြန့်ကြက်ပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်း ၁၅၄ခုအထိ တိုးတက်ဖြစ်ထွန်းလာပြီဖြစ်ကြောင်း။

၁၉၈၈ ခုနှစ်တွင် တက္ကသိုလ်၊ ကောလိပ်ကျောင်းသူ၊ ကျောင်းသားတစ်သိန်းသုံးသောင်းကျော် ရှိခဲ့ရာက ယခုအခါ တက္ကသိုလ်၊ ဒီဂရီကောလိပ်ကျောင်းသူ၊ ကျောင်းသား ရှစ်သိန်းကိုးသောင်းကျော်ရှိလာခဲ့ပြီဖြစ်ကြောင်း။

သင်ကြားရေး အပိုင်းတွင်လည်း ၁၉၈၈ခုနှစ်က ပါမောက္ခမှ နည်းပြအဆင့်အထိ တက္ကသိုလ် ဆရာ၊ ဆရာမပေါင်း ၆၀၀၀ကျော်သာရှိခဲ့ရာက ယခုဆိုလျှင် ၁၇၀၀၀ကျော်အထိ တိုးတက်ဖြစ်ထွန်းလာခဲ့သည်ကို တွေ့ရကြောင်း။

တိုးချဲ့သင်ကြားနိုင်

၁၉၈၈ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း မဟာဝိဇ္ဇာအဆင့်အထိသာ ပေးနိုင်ခဲ့သော်လည်း ယခုအခါ ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များအနေဖြင့် မဟာသုတေသနဘွဲ့ ၁၈မျိုး၊ မဟာဘွဲ့ ၄၀မျိုး၊ ပါရဂူဘွဲ့ ၂၀ မျိုးအပါအဝင် ဒီပလိုမာနှင့် ဘွဲ့အမျိုးအစားပေါင်း ၃၁၆ ခုအထိ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့သင်ကြားလေ့ကျင့်ပေးနိုင်ပြီဖြစ်ကြောင်း။

၁၉၉၈ခုနှစ်ကစပြီး ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်တိုင်းတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများကို တည်ထောင်ဖွင့်လှစ်ပြီး တက္ကသိုလ် ပရဝုဏ်တစ်ခု စနစ်ပေါင်းစုံစနစ် (One Campus Multi System) ကျင့်သုံးခဲ့ကြောင်း၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုဌာနများတွင် ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်ရ သင်တန်းအမျိုးအစား ၁၅၉မျိုး ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားပေါင်း ၉၃၀၂၀ဦး မွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း။

ဆေးဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များတွင်လည်း မဟာဘွဲ့နှင့် ပါရဂူဘွဲ့ ၉၀ မျိုး၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် မဟာဘွဲ့နှင့် ပါရဂူဘွဲ့ ၇၃မျိုးကိုလည်း တိုးချဲ့ သင်ကြားပေးနေပြီ ဖြစ်ကြောင်း။

အမျိုးသားပညာရည် မြင့်မားရေး အစီအစဉ်အရ မြင်းခြံဒီဂရီကောလိပ်

စာမျက်နှာ ၁၃ ကော်လံ ၃သို့ ☆

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် နှစ် ၁၀၀ပြည့် အထိမ်းအမှတ် ပူဇော်ပွဲနှင့် မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ ကောဒသမသန္နိပါတသြဝါဒခံယူပွဲ တက်ရောက်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၁၃

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းမြင်းခြံမြို့၌ ကျင်းပသည့် မြင်းခြံဒီဂရီကောလိပ် ပင်မဆောင်ဖွင့်ပွဲနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (မြင်းခြံ)ပင်မဆောင်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီးနောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်လိုက်ပါလျက် မွန်းတည့် ၁၂ နာရီတွင် မကွေးတိုင်းပခုက္ကူမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ၁၁ရက်က ပခုက္ကူမြို့ မဟာ ဝိသုတာရာမ ကျောင်းတိုက်နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ပူဇော်ပွဲနှင့် ပခုက္ကူ မဟာ ဝိသုတာရာမိကဂဏဝါစကနိကာယ ကောဒသမ သန္နိပါတ သြဝါဒခံယူပွဲ သံဃာ့အစည်းအဝေးသို့တက်ရောက် ပူဇော်ကြည်ညိုပြီး ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်း ဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အမှတ် (၁၀၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးဗိုလ်မှူးကြီးစိန်ဝင်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဗိုလ်မှူးကြီး ဖော်မင်း၊ စစ်ဘက်နယ်ဘက်မှ အရာရှိများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပူဇော်ပွဲနှင့် ပခုက္ကူ မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ ကောဒသမသန္နိပါတ သြဝါဒခံယူပွဲ သံဃာ့အစည်းအဝေး တတိယနေ့ အစီအစဉ်ကို မွန်းတည့် ၁၂ နာရီတွင် မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်ပူဇော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးမြို့ မဟာဝိသုတာရာမတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ပခုက္ကူမဟာဝိသုတာရာမိက ဂဏဝါစက နိကာယသမ္မုတိဂဏ မဟာဝိနာယကဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသော ပခုက္ကူနိကာယဦးဆောင် ဆရာတော်ကြီးများနှင့် နိကာယဝင် ဆရာတော်များ ကြွရောက်တော်မူကြသည်။

ရှေးဦးစွာ ပခုက္ကူ မဟာဝိသုတာရာမတိုက် ဂဏဝါစက အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ သောဘနက ပခုက္ကူမဟာဝိသုတာရာမ ဂဏဝါစကနိကာယကြီး၏ကောဒသမ သန္နိပါတ သံဃာ့အစည်းအဝေးကြီးက ချမှတ်သော ဆုံးဖြတ်ချက်များကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ပခုက္ကူမဟာဝိသုတာရာမကျောင်းတိုက် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ပူဇော်ပွဲနှင့် ပခုက္ကူ နိကာယ ကောဒသမ(၁၁)ကြိမ်မြောက် သံဃာ့အစည်းအဝေးနှင့် သြဝါဒခံယူပွဲအခမ်းအနားသို့ ကြွရောက်တော်မူလာကြသော ရတ္တညူ မဟာနာယက သက်တော်ရှည်ဆရာတော်ဘုရားကြီးများ အမှူးပြုသော သံဃာတော်အရှင်မြတ်တို့အား စုံညီစွာ ဖူးမြော်ကြည်ညိုခွင့် ရရှိသည့်အတွက် မဟာကုသိုလ်သောမနဿဇောစိတ်များ တဖွားဖွားဖြစ်ပေါ်လျက် လွန်စွာနှစ်ထောင်းအားရ ရှိလှပါကြောင်းကို ရှေးဦးစွာ လျှောက်ထားအပ်ပါကြောင်း။

နိုင်ငံအနှံ့ကျော်ကြား

ပခုက္ကူ မဟာဝိသုတာရာမကျောင်းတိုက်ကြီးကို ပထမရေစကြိုဆရာတော်ကြီး အရှင်ဂန္ထသာရမထေရ်မြတ်က ၁၂၆၅ခုနှစ်တွင် စတင်တည်ထောင်တော်မူခဲ့ကြောင်းကို သိရှိရကြောင်း၊ ဤမဟာဝိသုတာရာမကျောင်းတိုက်ကြီးကို အစကနဦး တည်ထောင်တော်မူစဉ်က ပထမရေစကြို ဆရာတော်ကြီးသည် သက်တော်(၈၂)နှစ်၊သိက္ခာတော်(၆၃)ဝါ ရှိနေပြီဖြစ်ပါကြောင်း၊ ဆရာတော်ကြီးသည် မန္တလေးရတနာပုံ နေပြည်တော် မင်းတုန်းမင်းတရားကြီး လက်ထက် ဒုတိယ မောင်းထောင်သာသနာပိုင် ဆရာတော်ကြီး၏ စာသင်နည်း၊ စာပေပို့ချနည်းများကိုဆရာနည်းကျလက်ထပ်သင်ယူတော်မူခဲ့ကြသည့်အတိုင်းပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းများကိုတစ်ပြိုင်နက်တည်း ယှဉ်တွဲပြီး အနက်အဓိပ္ပာယ် ရှင်းလင်းသင်ပြပို့ချတော်မူသည့်အပြင် နိကာယ်ငါးရပ်ပိဋကတ်သုံးပုံပါဠိတော်အုပ်ရေ၄၀အုပ်၊ အဋ္ဌကထာအုပ်ရေ ၅၂အုပ်၊ ဋီကာအုပ်ရေ ၂၈အုပ်တို့ကို အစမှအဆုံး နှံ့စပ်စုံလင်စွာ ပို့ချတော်မူသည့်အတွက် ပခုက္ကူစာသင်နည်းဟူ၍ သီးခြားတစ်မူထူးခြားစွာ ပေါ်ထွန်းလာခဲ့ပါကြောင်း၊ ဤမဟာဝိသုတာရာမကျောင်းတိုက်ကြီး၏ စာပေပို့ချနည်းကိုပင် ပခုက္ကူစာသင်နည်းဟူ၍ နိုင်ငံအနှံ့ကျော်ကြားခဲ့ပါကြောင်း။

မြန်မာနိုင်ငံရှိ ဆရာတော်ကြီးများအားလုံးလိုလိုပင် ပခုက္ကူမြို့သို့ ကြွရောက်၍ စာဝါများ သင်ယူကြရပြီး ပခုက္ကူမရောက်သေးလျှင် စာမနံ့သေး၊ ပိဋကတ်သုံးပုံပေါက်အောင် မသွားတတ်သေး၊ မသွားနိုင်သေးဟု ယူဆခဲ့ကြပါကြောင်း။

အရှင်ဂန္ထသာရဆရာတော်ကြီးသည် ဤကျောင်းတိုက်ကြီး တည်ထောင်ပြီး ၁၁ နှစ်ခန့်အကြာ ၁၂၇၆ ခုနှစ်တွင် တပည့်ကြီးဖြစ်သော ဘဒ္ဒန္တ ပညာမဟာထေရ်အား ကျောင်းတိုက်ကြီးကို လွှဲအပ်ခဲ့ပြီး ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါကြောင်း။

စဉ်လာမပျက်

ထို့နောက် ဆရာတော်ဘဒ္ဒန္တသုန္ဒရ၊ ဘဒ္ဒန္တနန္ဒဝံသ၊ ဘဒ္ဒန္တဂန္ဓမာ၊ ဘဒ္ဒန္တပဏ္ဍိတ၊ ဘဒ္ဒန္တဇာဂရ၊ ဘဒ္ဒန္တသုမင်္ဂလတို့က ဆရာစဉ်ဆက်၊ တပည့်စဉ်ဆက်သမားစဉ်မပျက် ပခုက္ကူစာသင်နည်း၊ စာချနည်းကို စဉ်လာမပျက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက် ပို့ချတော်မူခဲ့ကြသည်ကို တွေ့ရှိနိုင်ပါကြောင်း။

ဤကဲ့သို့ စာပေပို့ချနည်း၊ စာသင်နည်းများ ထူးခြားကောင်းမွန်ခြင်းကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးက မဟာဝိသုတာရာမကျောင်းတိုက်ကြီးသို့ လာရောက်ပြီး အာစရိယဝါဒနည်း ခံကြရသဖြင့် ရတနာပုံခေတ် နောက်ပိုင်းမှစ၍ ဤခေတ်ကာလအထိ ပခုက္ကူမဟာဝိသုတာရာမကျောင်းတိုက်ကြီးမှ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး၁၄ပါး၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၂ပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၅၂ပါး၊ ဓမ္မကထိကဘွဲ့ရ ဆရာတော်နှစ်ပါး၊ တိပိဋကရေ၊ တိပိဋကကောဝိဒဘွဲ့ရ ဆရာတော်လေးပါး၊ အကျိုးတော်ဆောင် ဆရာတော်တစ်ပါး၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်နှစ်ပါး၊ အဖွဲ့ဝင်ဆရာတော်ခြောက်ပါးတို့ ပေါ်ထွန်းခဲ့ပါကြောင်း။

သင်ယူဆည်းပူး

ထို့ပြင် ရွှေကျင်နိကာယဥက္ကဋ္ဌ ဆရာတော်တစ်ပါး၊ ဥပဥက္ကဋ္ဌဆရာတော်နှစ်ပါး၊ ဝေဠုဝန်နိကာယ သမ္မုတိသာသနာပိုင်၊ မူလဒွါရဂိုဏ်း မဟာနာယကဆရာတော်၊ ဂဏဝိမုတ်ကူးတို့ဂိုဏ်းချုပ်ဆရာတော်များသည်လည်း ဤပခုက္ကူ မဟာဝိသုတာရာမကျောင်းတိုက်ကြီးသို့ လာရောက်၍ စာပေသင်ယူဆည်းပူးခဲ့ကြကြောင်းကို သိရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ ပခုက္ကူမဟာဝိသုတာရာမ ကျောင်းတိုက်ကြီးသည် ပရိယတ္တိသာသနာ အပွင့်အဖူးများ၊ အသီးအပွင့်များ၊ အညွန့်အညှောက်များ ပေါ်ထွန်းလာအောင် ပျိုးထောင်ပေးသည့် ပျိုးဥယျာဉ်ကြီးသဖွယ် ဖြစ်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ပူဇော်ပွဲနှင့် (၁၁)ကြိမ်မြောက် ပခုက္ကူနိကာယ သံဃာ့အစည်းအဝေးပွဲကြီးသို့ကြွရောက်တော်မူကြသော ဆရာတော် သံဃာတော်အရှင်သူမြတ်များအနေနှင့် ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့စွာ ဂန္ထဓုရ၊ ဝိပဿနာဓုရနှစ်ပါးကို ထမ်းဆောင်တော်မူနိုင်ကြပါစေကြောင်းနှင့် တပည့်တော်တို့ ဒါယကာ၊ ဒါယိကာမများအနေဖြင့် ဆရာတော်၏ သြဝါဒကို ခံယူ၍ သာသနာတော်မြတ်ကြီး အကျိုး၊ အမျိုး၊ ဘာသာ၊ သာသနာ အကျိုး ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်အောင်မြင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း၊ အထူးသဖြင့် ရေစကြိုဆရာတော်ကြီး တီထွင်ပို့ချတော်မူခဲ့သည့်ပခုက္ကူစာသင်နည်း နှစ်(၁၀၀)တိုင်တိုင် ပရိယတ္တိ သာသနာတော်၏ မီးရှူးတိုင်သဖွယ် ထွန်းလင်းခဲ့သည့် အစဉ်အလာကောင်းကို ယခုကျင်းပသည့်(၁၁)ကြိမ်မြောက် ပခုက္ကူနိကာယ အစည်းအဝေးကြီးက အားသစ်လောင်းကာ ဆက်လက်ရှင်သန်ထွန်းလင်းနေအောင် ဆောင်ရွက်တော်မူနိုင်ကြလိမ့်မည်ဟု မျှော်လင့်အားထားမိပါကြောင်း၊ တပည့်တော်တို့ နိုင်ငံတော်အစိုးရပိုင်းကလည်း ဆရာတကာ ညီညွတ်စွာဖြင့် သာသနာတော်ကြီး ထွန်းလင်းတောက်ပစေရန် အလို့ငှာ လိုအပ်သော ပံ့ပိုးကူညီဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်ပါမည်ဖြစ်ပါကြောင်း လျှောက်ထားရင်း တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကိုဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ပခုက္ကူ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယ သမ္မုတိ ဂဏ မဟာဝိနာယက အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရက နိဂမန သာရဏီယ သြဝါဒကထာကို မြွက်ကြားတော်မူသည်။

ဖတ်ကြားလျှောက်ထား

ယင်းနောက် ပခုက္ကူ မဟာဝိသုတာရာမတိုက် ဂဏဝါစက အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ သောဘနက ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် နိကာယ ဂဏဝါစက အလုပ်အမှုဆောင်အဖွဲ့၏ ပန်ကြားလွှာကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် အစည်းအဝေးကို "ဇယန္တော ဗောဓိယာ မူလေ" အစချီသော ဂါထာကိုရွတ်ဆို၍ ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ပခုက္ကူစာချနည်း၊ နိဿရည်းဟု ကမ္ပည်းမော်ကွန်းဖော်ညွှန်း တီထွင် ကျေးဇူးတော်ရှင် ရေစကြို ဆရာတော်ကြီး ဘဒ္ဒန္တ ဂန္ထသာရ မဟာထေရ်၏ ရုပ်တုတော် ဗိမာန်ဖွင့်ပွဲ အခမ်းအနားကို ကျောင်းတိုက် ပရဝဏ်အတွင်းရှိအဆိုပါ ဗိမာန်တော်၌ ကျင်းပသည်။

ဂါထာတော်ရွတ်ဆို

ရှေးဦးစွာ ဂဏဝါစက မဟာဂန္ထဝါစက ပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ သီဟက ရုပ်တုတော် ဗိမာန်ပလ္လင်တော်ဖွင့် ဂါထာတော်ကိုရွတ်ဆိုပူဇော်သည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ရုပ်တုတော် ဗိမာန်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက "စိရံတိဋ္ဌတု သဒ္ဓမ္မော ဓမ္မေဟောန္တု သဂါရဝါ" အစချီသော နှစ်ဂါထာကို ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရေစကြိုဆရာတော်ကြီး ဘဒ္ဒန္တဂန္ထသာရ မဟာထေရ်၏ ရုပ်တုတော်ကိုပူဇော်ကြည်ညိုကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ ၁၁ ရက်က ပခုက္ကူမြို့ စာချနည်း နိဿရည်းဟု ကမ္ပည်းမော်ကွန်း ဖော်ညွှန်းတီထွင် ကျေးဇူးတော်ရှင် ရေစကြိုဆရာတော်ကြီး ဘဒ္ဒန္တဂန္ထသာရ မဟာထေရ်၏ ရုပ်တုတော်ဗိမာန် ဖွင့်ပွဲအခမ်းအနားတွင် ရုပ်တုတော်ဗိမာန်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မကွေးတိုင်း ပခုက္ကူမြို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂံဒေသရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဖေဖော်ဝါရီ ၁၁ရက်က ပုဂံမြို့ အနော်ရထာမင်းတရားကြီး၏ ပုဂံနန်းတော် ပြန်လည်တူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၁၃

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၁ရက် မွန်းလွဲပိုင်းတွင် ပခုက္ကူတက္ကသိုလ်သို့ ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ် ဦးစိုးမြင့်၊ ပါမောက္ခ ဌာနမှူးများ၊ ကထိကများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တက္ကသိုလ်ပရဝဏ်အတွင်း လှည့်လည်၍ ပခုက္ကူတက္ကသိုလ် ပင်မဆောင်တည်ဆောက်မည့် မြေနေရာကို ရွေးချယ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် Language Labနှင့် Computer Training Centreတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား တက္ကသိုလ်ခန်းမ၌ ပခုက္ကူတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးစိုးမြင့်က ပခုက္ကူတက္ကသိုလ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ ဖွင့်လှစ်သင်ကြားလျက်ရှိသော သင်တန်းများ၊ သင်ကြားလျက်ရှိသော ဘာသာရပ်များ၊ ကျောင်းသားအင်အား၊ ကွန်ပျူတာ ၄၈လုံး အသုံးပြုသင်ကြားလျက်ရှိသော IT ခန်းများ၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ခန့်ထားပြီးအင်အားအပါအဝင် သင်ကြားစီမံကိန်းစရိတ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အထူးပြုဘာသာရပ်များ တိုးမြှင့်သင်ကြားရေးနှင့် ပင်မသုံးထပ်ဆောင်ဆောက်လုပ်ရန်နှင့် ပတ်သက်ပြီး လိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပခုက္ကူတက္ကသိုလ်စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုဂံမြို့သို့ရောက်ရှိကြသည်။

မှာကြား

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုဂံမြို့ အနော်ရထာမင်းတရားကြီး၏ ပုဂံရွှေနန်းတော်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် တာဝန်ရှိသူတို့က အနော်ရထာမင်းတရားကြီး ပုဂံရွှေနန်းတော် တည်ဆောက်ရေးစီမံကိန်းအရ ဆောင်ရွက်နေသည့် ပဥ္စပါသာဒရွှေနန်းတော် တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အနော်ရထာမင်းတရားကြီး၏ ပုဂံနန်းတော် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်၍ တူးဖော်တွေ့ရှိထားသော ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာပစ္စည်းများ အရှည်တည်တံ့အောင် ဆောင်ရွက်ရေး မှာကြားသည်။

နန်းမြင့်မျှော်စင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နန်းမြင့်မျှော်စင် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ထူးထရေဒင်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးတေဇက တည်ဆောက်ရေးလုပ်ငန်း တိုးတက်မှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပုဂံနန်းမြင့်မျှော်စင် တည်ဆောက်ရေးလုပ်ငန်းများကို ရာသီဥတုနှင့် လျော်ညီစွာ ခံနိုင်ရေး၊ ပုဂံယဉ်ကျေးမှု အငွေ့အသက်များ ပါရှိရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နန်းမြင့်မျှော်စင် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုဂံညောင်ဦးလေဆိပ်သို့ရောက်ရှိကြရာ လေဆိပ်ညှော့ခန်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် တာဝန်ရှိသူတို့က ပုဂံညောင်ဦးလေဆိပ် အဆောက်အအုံ တိုးချဲ့တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်ထားမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ ၁၁ ရက်က မကွေးတိုင်း ပခုက္ကူမြို့ ပခုက္ကူတက္ကသိုလ်ပင်မဆောင် တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုရွေးချယ်စဉ်။ (သတင်းစဉ်)

☆ **စာမျက်နှာ ၁၁ မှ**

တွင် IT Centre ခြောက်ခန်း ဖွင့်လှစ်ထားရှိပြီး ကျောင်းသား၊ ကျောင်းသူများကို သင်ကြားပေးလျက်ရှိကြောင်း၊ Language Lab တွင်လည်း ကျောင်းသား၊ ကျောင်းသူ ၄၈ဦးကို တစ်ပြိုင်တည်း လေ့ကျင့်သင်ကြားပေးနိုင်ကြောင်း၊ VSAT,e-mail တို့ကိုလည်း ချိတ်ဆက်ပြီး အသုံးပြုနေပြီဖြစ်ကြောင်း။

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှာကြားချက်အရ မြင်းခြံ ဒီဂရီကောလိပ်နှင့် အစိုးရ စက်မှုလက်မှု သိပ္ပံ (မြင်းခြံ) တို့ကို တည်ဆောက်ဖွင့်လှစ်ခြင်း ဖြစ်ကြောင်း။

ယခုဒီဂရီကောလိပ် ဖွင့်လှစ်နိုင်ရေး အတွက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင်အဆောက်အအုံမြေနေရာ ရွေးချယ်သည့်အချိန်မှစ၍ ပင်မဆောင်များ ဖွင့်လှစ်သည့်ကာလအထိ အမြဲမပြတ် ကြီးကြပ်စစ်ဆေးခြင်း၊ လမ်းညွှန်မှာကြားခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မြင်းခြံဒီဂရီကောလိပ် ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံတော်က မျှော်မှန်းထားသည့် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်ကြီး ဖြစ်ထွန်းလာအောင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် သယ်ပိုးထမ်းဆောင်ကြမည့် ပညာရှင်များ ဖြစ်လာအောင် ကျောင်းသား၊ကျောင်းသူများကိုလေ့ကျင့်ပျိုးထောင်ပေးကြပါ။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း မိမိဒေသကို အကျိုးပြုပြီး နိုင်ငံတော်ကို အထောက်အကူပြုမည့် ပညာတတ်များ၊ နိုင်ငံ့သားကောင်းများ ဖြစ်လာအောင် ကြိုးစားပြီး ပညာသင်ကြားကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြင်းခြံဒီဂရီကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ပထမနှစ် ဓာတုဗေဒအထူးပြု ကျောင်းသူ မသီတာလင်းက ဂါရဝပြု ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အစိုးရ စက်မှုလက်မှု သိပ္ပံ(မြင်းခြံ)မှကျောင်းသား၊ကျောင်းသူများကိုယ်စား ပထမနှစ် မြို့ပြ အထူးပြု ကျောင်းသူ မခင်နွယ်နွယ်ဦးက ဂါရဝပြု ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ပင်မဆောင် ဖွင့်လှစ်ပွဲ အထိမ်းအမှတ်အဖြစ် ဂါရဝပြုလက်ဆောင်ကို ဇေဒင်အုပ်စု ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးချစ်ခိုင်က ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ ဇေဒင်အုပ်စု ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးချစ်ခိုင်က မြင်းခြံဒီဂရီကောလိပ် ငွေပဒေသာပင်အတွက် ငွေကျပ်သိန်း ၁၅၀နှင့် အစိုးရ စက်မှုလက်မှုသိပ္ပံ (မြင်းခြံ) ငွေပဒေသာပင်အတွက် ငွေကျပ်သိန်း ၁၅၀တို့ကို ပေးအပ်လှူဒါန်းသည်။ အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြင်းခြံဒီဂရီကောလိပ် ပင်မဆောင်ဖွင့်ပွဲ အထိမ်းအမှတ်စာအုပ် ပြပွဲခင်းကျင်းပြသထားသော မြင်းခြံ ဒီဂရီကောလိပ် ဆရာ၊ ဆရာမများ၏ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ မဟာသုတေသနဘွဲ့ယူကျမ်းများ၊ သုတေသနစာတမ်းများ၊ ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းစာအုပ်များ၊ ဘာသာရပ်ဆိုင်ရာကိုးကားစာအုပ်များ၊ စာတမ်းများ၊ မဂ္ဂဇင်းများ၊ ပညာရေးစီမံကိန်းဆိုင်ရာ စာအုပ်စာတမ်းများကို ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် IT ကုမ္ပဏီများက ခင်းကျင်းပြသထားသော ကွန်ပျူတာနှင့်ဆက်စပ်သည့်နည်းပညာအသစ်များ၊ ကျောင်းသား၊ကျောင်းသူများနှင့် သက်ဆိုင်သည့် Softwareနှင့် Hardware များ သင်ကြားမှု သင်ယူမှု အထောက်အကူပစ္စည်းများကိုလှည့်လည်ကြည့်ရှုကြသည်။ (သတင်းစဉ်)

မြသင်္ကြန် ချယ်
TRAVELS & TOURS
သိန်းစုံ ကားစုံ လ/နှစ်ချုပ်ငှားသည်။
PH : 296911, 293294



ခြံမြေကွက်ကျယ်
အမြန်ရောင်းမည်။
မင်္ဂလာဒုံ စက်မှုဇုံအနီး
PH : 296911, 293294

အမည်ပြောင်းခြင်း

ဦးတင်မောင်ကြိုင်၏ သမီး အင်းစိန်မြို့နယ် အလက(၁၂)၊ အင္ဂမတန်း(က)မှ မမေသွဲ့နွယ် [၁၂/အစန(နိုင်)၁၉၃၃၁၆] အား ယနေ့မှစ၍ မမေသွဲ့ယဉ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မမေသွဲ့ယဉ်။**

နိုင်ငံတကာအင်္ဂလိပ်စာ သင်တန်းဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

International English Language Centre မှ ဦးဉာဏ်ဝင်းကိုယ်တိုင် LCCI(UK). English For Business or Commerce Level (I,II,III) International English Language Teaching System and Scholartic Aptitude Test (SAT) I,II, တို့ကို သတ်မှတ်စံနှုန်းမီ ဖြေဆို အောင်မြင်နိုင်အောင် တစ်ဦးချင်းစီ၏ အရည်အသွေးကို ဖော်ထုတ်သင်ကြားပေးလျက်ရှိသည်။

အသေးစိတ် သိလိုပါက အမှတ်(၃၄၅) အခန်း(၁၆) မဟာဗန္ဓုလလမ်း ၃၉လမ်းနှင့် လမ်း၄၀ကြား ကျောက်တံတားမြို့နယ် ဖုန်း-၃၇၁၉၉၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

အီလက်ထရွန်းနစ်သင်တန်းများ ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

လူငယ်လူရွယ်များအတွက် လက်တွေ့အသုံးချ အီလက်ထရွန်းနစ်သင်တန်း (TV,VCR,VCD,CD, Satellite)၊ ရေခဲသေတ္တာအပါအဝင် လေအေးပေးစက်သင်တန်း၊ လက်တွေ့အသုံးချ လျှပ်စစ်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် Cosmic Engineering Group Training and Service Centre အမှတ်(၃၁) ဓမ္မဝိဟာရလမ်း ကျောက်မြောင်း(ကျောက်မြောင်းဈေးမှတ်တိုင်အနီး) ဖုန်း-၅၄၉၈၉၇သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာနိုင်ငံ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်လုပ်ဆောင်လိုသူများကို ဖိတ်ခေါ်ခြင်း

ပတ္တမြားမြေ ခရီးသွားလာရေးလုပ်ငန်းကုမ္ပဏီလီမိတက်သည် ၁၉၉၁ ခုနှစ်မှစ၍ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များနှင့် မြန်မာခရီးသည်များကို တိုင်းနှင့်ပြည်နယ် (၁၄)ခုရှိ မြို့နယ်အသီးသီးနှင့် နယ်စပ်ဒေသများသို့ မြန်မာနိုင်ငံတွင် ပထမဆုံး ပို့ဆောင်လှည့်လည်ပြသပေးလျက်ရှိသည့် ကုမ္ပဏီဖြစ်ပါသည်။ နိုင်ငံခြားသားခရီးသည်များနှင့် မြန်မာခရီးသည်များကို ပို့ဆောင်လှည့်လည်ပြသပြီး အစားအသောက်များ ကျွေးမွေးနိုင်ရန်အတွက် တိုင်းနှင့်ပြည်နယ် အသီးသီးရှိ မြို့နယ်များမှ အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လိုသူများ အလိုရှိပါသဖြင့် ဆက်သွယ်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

- ❖ ဟိုတယ်၊မိုတယ်၊အင်း၊ တည်းခိုရိပ်သာလုပ်ငန်းပိုင်ရှင်များ
- ❖ Home Stay အတွက် ဧည့်သည်များ တည်းခိုနေထိုင်ရန် လက်ခံနိုင်သည့်အိမ်ရှင်များ
- ❖ ပို့ဆောင်လှည့်လည်ပြသရန်အတွက် မော်တော်ယာဉ် (Salon, Van,Jeep,Truck,Bus,Pick Up) ငှားရမ်းလိုသူများနှင့် ရေယာဉ် (သင်္ဘော၊ မော်တော်၊ လှေ)ငှားရမ်းလိုသူများ
- ❖ အစားအသောက်များ ချက်ပြုတ်ကျွေးမွေးလိုသူများနှင့် စားသောက်ဆိုင်ပိုင်ရှင်များ
- ❖ ဧည့်လမ်းညွှန် (Station Guide/Throughout Guide) လုပ်ကိုင်လိုသူများ၊ လမ်းပြလုပ်ကိုင်လိုသူများ
- ❖ ခရီးသွားကိုယ်စားလှယ်လုပ်ငန်း (Travel Agent) လုပ်ကိုင်လိုသူများ
- ❖ ဒေသခံရုံးများ (Station Offices) ဖွင့်လှစ်လုပ်ကိုင်လိုသူများ
- ❖ ဒေသခံရုံးများတွင် ဝန်ထမ်းလုပ်ကိုင်လိုသူများ(မန်နေဂျာ၊ ဧည့်ကြို၊ ဧည့်လမ်းညွှန်၊ စာရင်းကိုင်၊ ယာဉ်မောင်းများ) အထက်ဖော်ပြပါလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လုပ်ကိုင်လိုသူများ

ဆက်သွယ်ရန် –

Rubyland Tourism Services Company Limited
ပတ္တမြားမြေခရီးသွားလာရေးကုမ္ပဏီလီမိတက်
အမှတ်(၁၆) အောင်ဆန်းကွင်းတောင်ဘက်ခြမ်း၊ ကွမ်းခြံလမ်း
ရန်ကုန်ဘူတာကြီးရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

Phone - (01)245051;242727;287571;(09)50-17373
Fax - (01)243185
E-Mail - uayekyaw(a)rubyland. com.mm
Web Site - http://www.rubyland. net

အများသိစေရန်

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် မြေတိုင်းအမှတ်(၄၉) မြေကွက်အမှတ်(၁၄/ဂ) ဦးထွန်းလင်းခြံလမ်း အမှတ်(၃၆)ဟုခေါ်တွင်သည့်မြေကွက်ပေါ်တွင် ကျွန်ုပ်မိတ်ဆွေများမှ (၆)ထပ် RCအဆောက်အအုံဆောက်လုပ်ရန် အားလုံးစီစဉ်ပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် သတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်ရန် တောင်းဆိုလိုက်ပါသည်။ အဆိုပါနေ့ရက်ကျော်လွန်ပါက လုပ်ငန်းများဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။

ညွှန်ကြားချက်အရ–

ဦးသန်းအောင် B.Sc, B.L
နိုင်ငံတော်ဗိုလ်ချုပ်ရှေ့နေ(၁၁၀၆) နှင့် တရားရုံးချုပ်ရှေ့နေ(၁၁၀၆)
အိမ်-၈၂၊ မင်္ဂလာလမ်း၊ စမ်းချောင်း၊ ရန်ကုန်၊
ဖုန်း-၅၁၀၆၂၈၊ ၇၂၃၇၁၀။

စတားလိုက်
ကားဘီးအလိုင်းမင်းချိန်နှင့်
ကားအောက်ပိုင်းပြုပြင်ခြင်း
လုပ်ငန်း။ ကားအောက်ပိုင်း
ပစ္စည်းများဈေးနှုန်းချိုသာစွာဖြင့်
ရောင်းချပေးနေပါသည်။
ချောင်းသဘုန်းကြီးကျောင်းအနီး
ဘုရင့်နောင်လမ်းမကြီး၊
လှိုင်မြို့နယ်။
PH : 534457

သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ အောင်မင်္ဂလာလမ်း၊အမှတ်(၇၁)၊(၄)လွှာနေ ဦးသန်းမြင့် (၁၂/ဗတထ(နိုင်)၀၂၅၆၈၉)နှင့် ဒေါ်စန်းစန်းမြင့်(၁၂/ဗတထ(နိုင်) ၀၂၇၁၉၅)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ–

ဦးသန်းမြင့်နှင့် ဒေါ်စန်းစန်းမြင့်တို့၏သမီးဖြစ်သူ မအေးအေးသန်း [၁၂/ဗတထ(နိုင်) ၀၂၅၆၂၄]သည် မိဘများအား စိတ်ဆင်းရဲအောင် ပြောဆိုပြုလုပ်ခဲ့ပြီး (၈-၂-၂၀၀၄)ရက်နေ့တွင် နေအိမ်မှဆင်းသွားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဦးသန်းမြင့်နှင့် ဒေါ်စန်းစန်းမြင့်တို့က မအေးအေးသန်းအား သမီးအဖြစ်မှစွန့်လွှတ်လိုက်ပါကြောင်းနှင့် မအေးအေးသန်းနှင့် ပတ်သက်၍ လုံးဝ တာဝန်မယူကြောင်း ကြေညာအပ်ပါသည်။ ထို့ပြင် မအေးအေးသန်းနှင့် စပ်လျဉ်း၍ မိဘများကို ထိခိုက်နစ်နာအောင် ပြောဆိုဆက်ဆံသူ မည်သူ့ကိုမဆို ဦးသန်းမြင့်နှင့် ဒေါ်စန်းစန်းမြင့်တို့က တရားဥပဒေနှင့်အညီ တရားစွဲဆိုလိမ့်မည်ဖြစ်ပါကြောင်းနှင့် စုံစမ်းမေးမြန်းခြင်းကို မပြုလုပ်ပါမည့်အကြောင်းကိုလည်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ– ဦးလှရှိန်
B.A., R.A. (Pd.), R.L
တရားရုံးချုပ်ရှေ့နေ
အမှတ် ၂၇ ဘီ(မြေညီထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲဆုချီးမြှင့်ပွဲ တောင်ဥက္ကလာပ၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းရှိ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေး တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၏ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယကအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးက အမှာစကားပြောကြားသည်။

(အောက်ပုံ)

ထို့နောက် တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်သီတာအေးက (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲတွင် ဆုရရှိကြသည့် ကလေးငယ်များနှင့် သားကောင်းမိခင်များအား ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၏ ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ထို့နောက် တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း နာယက ဒေါ်ခင်လေးမြင့်က အဆိုပါပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ကူညီပံ့ပိုးပေးခဲ့သည့် Gold Power Co., Ltd အား အမှတ်တရ လက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၃ ရက်က ဓမ္မဒူတအရှင်ဆေကိန္ဒ (ရှင်ဆေကိန္ဒာရာမ ကျောင်းတိုက် ဓမ္မဒူတဇေတဝန်တောရ) မှ ပေးအပ်လှူဒါန်းသည့် ငွေကျပ်ငါးသိန်းကို ကံမြင့်ကျောင်းတိုက် (ဓမ္မာရုံ) စမ်းချောင်းတွင် ဒေါက်တာလူမော်က ပေးအပ်ရာ (နာရေးကူညီမှုအသင်းရန်ကုန်) ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သဃ်္ဃန်းကျွန်းမှ အတွင်းရေးမှူး ဦးညွန့်တင်က လက်ခံရယူစဉ်။ (က–ပ)

ဗုဒ္ဓပူဇနိယ ဓမ္မသဘင် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်း သုံးခွမြို့ အောင်မြေလောကကြေးသွန်းဘုရားအား အနှစ်(၁၀၀)မြောက် ဗုဒ္ဓပူဇနိယ ဓမ္မသဘင်ကို ဖေဖော်ဝါရီ ၂၀ မှ ၂၄ ရက်အထိ ညစဉ် ၇ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၀ ရက်တွင် မဟာစည်နာယက ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ (အဂ္ဂမဟာဌာနာစရိယ)၊ ၂၁ ရက်တွင် ငါးသိုင်းချောင်း ဆရာတော် ဘဒ္ဒန္တသုစိတ္တသာရ (သီရိပဝရဓမ္မာစရိယ၊ ဒီဃနိကာယကောဝိဒ)၊ ၂၂ ရက်တွင် သုံးခွမြို့ ကျောင်းသစ်ကျောင်းတိုက် ဒုတိယနာယက ဆရာတော် အရှင်ကေသရ(ဓမ္မာစရိယ)၊ ၂၃ ရက်တွင် သရက်တော အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ(ဓမ္မကထိက၊ ဗဟုဇနဟိတဓရ)၊ ၂၄ ရက်တွင် သီရဂူ ဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက၊ ဗဟုဇနဟိတဓရ)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က–ပ)

တရားတော်များ ဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဖောင်ကြီး အနောက်ရေတွင်းကုန်း ပဏ္ဍိတာရုံကျောင်းတိုက်တွင် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၉ ရက်ထိ အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ မဟာစည်နာယက ဘဒ္ဒန္တဝါသဝ (မြစ်သာဆရာတော်)၊ ဓမ္မကထိက၊ ကမ္မဋ္ဌာနာစရိယ၊ သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တကုသလ(မုဒုံ)၊ ရေတွင်းကုန်း ပဏ္ဍိတာရုံကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ၊ မဟာစည် ဓမ္မကထိက ဘဒ္ဒန္တကုဿရိယ၊ ဓမ္မကထိက၊ ဓမ္မာစရိယ ဘဒ္ဒန္တသြဘာသ (ညောင်ခါးရှည်)၊ တောင်ဝိုင်းလေး မဟာစည်သာသနာ့ရိပ်သာ၊ မော်လမြိုင်မြို့ မဟာစည်ဓမ္မကထိက ဘဒ္ဒန္တသုနန္ဒ (သိမ်ဇရပ်)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

မဇ္ဈိမဂုဏ်ရည် ဆရာတော် ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

သာကေတမြို့နယ် တိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည် သာသနာ့ရိပ်သာ ပဓာနနာယက သာသနတက္ကသီလဓမ္မစရိယ ဒေါက်တာအရှင်ကောဝိဒ အရှင်သူမြတ်သည် ဖေဖော်ဝါရီ ၁၄ ရက် ည ၇ နာရီတွင် ဒေါပုံမြို့နယ် ရွှေဖူးမြော်လမ်း မြို့မဓမ္မာရုံ၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၈ ရက် ည ၇ နာရီတွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်တောရကျောင်းတိုက် ဓမ္မသဘင်၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၉ ရက် ည ၇ နာရီတွင် ရွှေပြည်သာ မလွန်ဆန်လှူအသင်းထောက် ဓမ္မသဘင်၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၂၁ ရက် ည ၇ နာရီခွဲတွင် ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန် ဘုရားကြီးဝင်း ကိုးဘုံတန်ဆောင်းတော်ကြီး၌ လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က–ပ)

အနုပညာ သင်တန်းသစ်များ ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

သင်တန်းသား တစ်ဦးစီအား ထိရောက်စွာ သင်ကြားပေးမည့် အနုပညာသင်တန်းသစ်များကို မကြာမီ ထပ်မံတိုးချဲ့ဖွင့်လှစ်ရန် စီစဉ်ထားသည်။

အဆိုပါ အနုပညာလုပ်ငန်းစုတွင် ကာတွန်းသင်တန်း၊ ဇာတ်ညွှန်းသင်တန်း၊ အပြည်ပြည်ဆိုင်ရာ အကသင်တန်း၊ ခေတ်ပေါ်အဆိုသင်တန်း၊ ဗွီစီဒီရိုက် ပညာရပ်များအတွက် Entertaining Art Course သင်တန်း အပါအဝင် သင်တန်းငါးမျိုးအတွက် တက်ရောက်လိုသူများအား စတင်လက်ခံနေပြီဖြစ်သည်။ သင်တန်းအားလုံး သင်တန်းကာလသုံးလဖြစ်ပြီး တန်းခွဲတစ်ခုတွင် ၃၀ ဦးစီသာ လက်ခံသင်ကြားပေးမည်ဖြစ်သည်။

ထို့ပြင် ယခင်ဖွင့်လှစ်ခဲ့သော ပန်းချီ၊ ဂစ်တာတီးနှင့် ပေါင်းသင်းဆက်ဆံမှု သင်တန်းများကိုလည်း တန်းခွဲသစ်များ ဖွင့်လှစ်ပေးမည်ဖြစ်သည်။ အချိန်မအားလပ်သူများအတွက် ပန်းချီနှင့် ဂီတပညာရပ်များအား အိမ်အရောက်သင်ကြားပို့ချမည့် အစီအစဉ်များရှိသဖြင့် စိတ်ပါဝင်စားသူများ နတ်သမီး အနုပညာလုပ်ငန်းစု အမှတ်(၂၉၁)၊ လမ်း ၄၀(အထက်) ကျောက်တံတားမြို့နယ် ရန်ကုန် ဖုန်း–၂၈၁၁၇၈ သို့ ဆက်သွယ်သင်ကြားနိုင်ကြောင်း သိရသည်။ (က–ပ)

အင်္ဂလိပ်ဘာသာ သင်တန်းများ ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်မြို့ HELLO Language Centre တွင် ဆရာ A.Z Heinne နှင့် ဘွဲ့ရဝါရင့် ဆရာများက အင်္ဂလိပ်ဘာသာ ရေး၊ ဖတ်၊ ပြော သဒ္ဒါ သင်တန်းများကို အခြေခံကျကျ တတ်သိနားလည်ပြီး၊ မိမိစိတ်ကူး ကိုယ်ပိုင်ချဲ့ထွင် ပြောဆိုနိုင်အောင် လက်တွေ့ပြောဆိုဆက်ဆံ နိုင်ဖို့ အခွင့်အလမ်းများ ဖန်တီးလေ့ကျင့်ပေးသော နည်းစနစ်ဖြင့် Audio-Visual Teaching Facilities များကို အသုံးချ၍ သင်ကြားပေးလျက်ရှိသည်။ ဖေဖော်ဝါရီလတွင် English Proficiency [4-skills/pre-Intermediate Level], Basic Spoken English (စကားပြော)နှင့် Basic Grammar & Writing (တစ်တန်းလျှင် ၁၀ ဦး) အထူးသင်တန်းသစ်များ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်း ၄၆၁/ဒုတိယထပ် ၄၂ လမ်းနှင့် ဘိုကလေးဈေးလမ်းကြား (ဂမုန်းပွင့်ကုန်တိုက်ရှေ့) ဖုန်း–၂၉၈၅၀၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က–ပ)

၂၀၀၃–၂၀၀၄ ပညာသင်နှစ်၏ ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကို အမက(၁၂) တာမွေကျောင်းခန်းမ၌ကျင်းပရာ စတုတ္ထတန်း အင်္ဂလိပ်စာထူးချွန်ဆုနှင့် မြို့နယ်အဆင့် (၃၈)ဖြာမင်္ဂလာ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမရရှိသော မသဲပိုပိုအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီသိန်းက ဆုချီးမြှင့်စဉ်။ (က–ပ)

ပြွန်တန်ဆာအသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ပြွန်တန်ဆာအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီတွင် မဟာဝိဇယစေတီတော် အရှေ့မြောက်ထောင့်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်သည်။

နှိုးဆော်

အသက်(၇၅)နှစ် ပြည့်ပြီးသော သက်ကြီးအသင်းဝင်နှင့် အသင်းဝင်တို့၏ မိဘများ၊ ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော သားသမီးများသည် နာယက ဦးဘသောင်း ဖုန်း–၂၂၁၇၈၀၊ ဥက္ကဋ္ဌ ဦးသောင်းလွင် ဖုန်း–၅၄၂၅၉၈၊ ဖုန်း–၆၆၃၀၈၅၊ ဖုန်း–၆၄၂၆၆၀၊ ဖုန်း–၅၁၁၁၅၈၊ ဖုန်း–၅၁၀၄၀၂ တို့သို့ ပေးပို့ကြရန် နှိုးဆော်ထားသည်။ (သတင်းစဉ်)

ဖီးကုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ဖီးကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲကို မတ် ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ ကုန်သွယ်/လယ်ယာ ဓမ္မာရုံ ကြားတောရလမ်း ဗဟန်းမြို့နယ် (ရွှေတိဂုံစေတီတော် အရှေ့ဘက်စောင်းတန်း)တွင် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်စာရင်းပေးပို့

အသက်(၈၀)နှင့်အထက်အသင်းဝင်များနှင့် ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရရှိသူများနှင့် ပညာရည်ချွန်အတန်းလိုက် ဆုရရှိသည့် အသင်းဝင်များ၏ သား၊ သမီးများသည် အမှတ်စာရင်း အထောက်အထားများနှင့်အတူ မတ် ၇ ရက်နောက်ဆုံးထား၍ ဦးအုန်းကျော် ဖုန်း–၅၇၃၀၂၁၊ ဦးကျော်ဝင်း ဖုန်း–၂၀၀၀၂၉၊ ၂၀၂၉၉၁၊ ဦးထွန်းအောင် ဖုန်း–၅၀၁၅၃၆၊ ဦးအေးလှိုင် ဖုန်း–၅၂၇၀၄၀၊ ဦးသန်းအောင် ဖုန်း–၂၄၇၆၆၅၊ ဦးညွန့်စိန် ဖုန်း–၅၈၄၇၁၅၊ ဦးခင်ရွှေ ဖုန်း–၂၅၂၅၉၃၊ ဒေါ်သန်းအိ ဖုန်း–၅၀၀၄၄၇၊ ဒေါ်မြင့်မြင့်တူ ဖုန်း–၅၂၄၆၂၉၊ ဒေါ်သန်းသန်းအေး ဖုန်း–၅၃၅၉၄၇ တို့ထံ ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။ (က–ပ)

"မျက်နှာများတဲ့ ကောင်းကင်" ဆက်လက်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ယခု သောကြာပတ်တွင် ဘရဏီရုပ်ရှင်မှ ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)၏ **မျက်နှာများတဲ့ ကောင်းကင်** ဇာတ်ကား သမ္မတ၊ သွင်နှင့်မင်္ဂလာရုံကြီးများတွင် ဆက်လက်ပြသသည်။

ပင်လယ်ပြင်နှင့် ကောင်းကင်ကို တင်စား၍ သရုပ်ဖော်တင်ပြထားသော **မျက်နှာများတဲ့ကောင်းကင်** ဇာတ်ကားတွင် ရန်အောင်၊ လွင်မိုး၊ တင့်တင့်ထွန်းနှင့် အိန္ဒြာကျော်ဇင်တို့က မေတ္တာဇာတ်လမ်း ခင်းကျင်းထားကြသည်။

ရုံတင်ပြသနေသော "မျက်နှာများတဲ့ ကောင်းကင်" ဇာတ်ကားမှ လွင်မိုးနှင့် အိန္ဒြာကျော်ဇင်။

ပေါက်ပေါက်မြောက်မြောက်

